# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊


*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။


**ယနေ့ ဖတ်စရာ**

ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU) နှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း — ဆောင်းပါး စာ ၆

လာမည့်သီတင်းပတ်အတွင်း အမေရိကန် - အီရန် တိုက်ရိုက်ဆွေးနွေးပွဲဖြစ်လာရန် စီစဉ်ဖွယ်ရှိ — နိုင်ငံတကာသတင်း စာ ၁၄

# သမဝါယမနည်းလမ်းဖြင့် နိုင်ငံ့စီးပွားတွင် တစ်တပ်တစ်အားပါဝင်

မြန်မာမှုနယ်ပယ်တွင် "တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ဟူသော ဆိုရိုးရှိသည်။ ရပ်ရေး၊ ရွာရေး၊ လူမှုရေးတို့တွင် စုပေါင်းလုပ်ကိုင်ခြင်း၊ တစ်ဦးတစ်ယောက်လိုအပ်နေချိန်တွင် အများက စုပေါင်းကူညီခြင်းဓလေ့တို့ ကျေးလက်ဒေသအများအပြားတွင် ယနေ့တိုင် ရှိနေသည်။ သို့ဖြစ်ရာ "အများအကျိုးကို တစ်ဦးစီက ဆောင်ရွက်ပြီး တစ်ဦးစီအတွက် အများကဆောင်ရွက်" ရသည့် သမဝါယမစနစ်သည် မြန်မာတို့နှင့် ကိုက်ညီသောစနစ်ဖြစ်သည်။

သမဝါယမဟူသည် ကုန်ထုတ်လုပ်ခြင်း၊ ကုန်သွယ်ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း စသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုကို အတူတကွ ဝါယမစိုက်ထုတ်ပူးပေါင်းလုပ်ကိုင်ကြပြီး တရားသဖြင့် ရရှိလာသည့် အကျိုးအမြတ်များကို မျှတစွာခွဲဝေခံစားကြသည့် လုပ်ငန်းဖြစ်သည်။ သမဝါယမအသင်းတစ်ခုတွင် အသင်းဝင်အသင်းသားများကိုယ်တိုင်သည် အလုပ်ရှင်များဖြစ်သကဲ့သို့ အလုပ်သမားများလည်းဖြစ်ကြသည်။ မိမိတို့နိုင်ငံတွင် ဗဟိုဦးစီးစနစ်ကျင့်သုံးခဲ့သည့်ခေတ်က ရပ်ကွက်ကျေးရွာအဆင့်ထိ ဖွဲ့စည်းလုပ်ကိုင်ခဲ့သော စားသုံးသူသမဝါယမအသင်းများ အောင်မြင်မှုမရခဲ့ခြင်းအပေါ် အများပြည်သူတို့၏ အမြင်မကြည်လင်မှုများ ရှိခဲ့သည်။ ထိုခေတ် သမဝါယမအသင်းများ၏ လုပ်ကိုင်ဆောင်ရွက်ပုံကို အကြောင်းပြု၍လည်း သမဝါယမစနစ်အပေါ် နားလည်မှုလွဲခဲ့ကြသည်။

စင်စစ်သမဝါယမဟူသည် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူသူများ စုပေါင်းဖွဲ့စည်းထားသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ရက်ကန်းစင်တစ်စင်ပိုင်သည့် ပိုင်ရှင်တစ်ဦးသည် ရက်ကန်းရုံကြီးတစ်ရုံကို မယှဉ်ပြိုင်နိုင်သော်လည်း ဘဝတူစင်ပိုင်ရှင်ငယ်များ စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရက်ကန်းရုံကြီးကို ယှဉ်ပြိုင်နိုင်စွမ်းရှိလာသည်။ ခေါင်းရွက်ဗျပ်ထိုး ဟင်းသီးဟင်းရွက်သည် တစ်ဦးချင်းအနေဖြင့် ကုန်စိမ်းဒိုင်တစ်ဒိုင်ကို ယှဉ်ပြိုင်နိုင်မည်မဟုတ်သော်လည်း စိတ်တူကိုယ်တူဆန္ဒတူသော ကုန်စိမ်းသည်များ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်စိမ်းဒိုင်ကို စီးပွားရေးအရ ယှဉ်ပြိုင်လုပ်ကိုင်လာနိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် သမဝါယမစနစ် စတင်ပေါ်ထွန်းလာခြင်းသည် ငွေရှင်ကြေးရှင်များက တည်ထောင်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ဆင်းရဲသားအလုပ်သမားများ ဆင်းရဲဒုက္ခဒဏ်ကို မခံနိုင်တော့သည့် အခြေအနေတွင် မှန်ကန်သည့်နည်းလမ်းဖြင့် လွတ်မြောက်ရာလမ်းကို စုပေါင်းရှာဖွေရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာ့သမဝါယမ၏ ကနဦးအစဖြစ်သော ၁၉ ရာစု အင်္ဂလန်နိုင်ငံမှ ရော့ခ်ဒေးသမဝါယမသည် ရက်ကန်းအလုပ်သမား ၂၈ ဦး စိတ်တူကိုယ်တူဆန္ဒတူ စုပေါင်းဖွဲ့စည်းရာမှ စတင်ခဲ့သည်။ လိုအပ်သည့် ငွေကြေးအရင်းအနှီးကို ၎င်းတို့၏လုပ်ခလစာထဲမှ ထုတ်နုတ်၍ နှစ်နှင့်ချီ စုဆောင်းခဲ့ကြရသည်။ အသင်းသားအားလုံး အလုပ်ရှင်အသင်းသားအားလုံး အလုပ်သမားများအဖြစ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အသင်းသားတို့၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ဦးတည်၍ အသင်း၏ရည်ရွယ်ချက်များ ချမှတ်ကာ စည်းမျဉ်းကိုလည်း ရေးဆွဲခဲ့ကြသည်။ ရော့ခ်ဒေးသမဝါယမအသင်းသည် စံနမူနာယူဖွယ်ရာ တိုးတက်အောင်မြင်ခဲ့ရာ ဘဝတူဆန္ဒတူသူများ စုပေါင်းမိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း၊ အသင်း၏ရည်ရွယ်ချက် ရှင်းလင်းစွာရှိခြင်း၊ ရည်ရွယ်ချက်အတိုင်း အောင်မြင်လိုသော စိတ်ဓာတ် အသင်းသားအားလုံးတွင် ပြင်းပြစွာရှိခြင်း၊ အသင်းကို ဖွဲ့စည်းရာတွင်လည်း ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်ရှိစေရန် အလေးအနက်ထား ဖွဲ့စည်းခဲ့ခြင်းဟူသည့် အကြောင်းတရားများကြောင့်ဖြစ်သည်ဟု ဆန်းစစ်ခဲ့ကြသည်။

မျက်မှောက်ကာလ အောင်မြင်သော သမဝါယမအသင်းများ နိုင်ငံတကာတွင် ရှိသကဲ့သို့ မိမိတို့ပြည်တွင်း၌လည်း အများအပြား ရှိနေသည်။ နိုင်ငံတော်အစိုးရကလည်း ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားရေးအတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးလျက်ရှိပြီး သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်လာစေရန်လည်း အားပေးလျက်ရှိသည်။ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ လုပ်ရည်ကိုင်ရည်ရှိခြင်း၊ စိတ်အားထက်သန်ခြင်းတို့ကို အရင်းပြုကာ သမဝါယမနည်းလမ်းဖြင့် နိုင်ငံ့စီးပွားတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြပါစေကြောင်း။ ။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၄**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူစာပေဆု၊ ကျမ်းစာပေ ပထမဆုရ **"ကိုတိုး (ရန်ကင်း)"** ရေးသားသည့် **"ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏ ဘဝနှင့်စာပေ"** စာအုပ်ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**၄-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## စက်သုံးဆီနှင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းလျက်ရှိ၊ ဆီသင်္ဘောများ အဆက်မပြတ် ဝင်ရောက်လျက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်

**နေပြည်တော် ဇူလိုင် ၄**

ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ဒေသတွင်းစက်သုံးဆီနှင့် စားအုန်းဆီ ဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် ရန်ကုန်ဆိပ်ကမ်းရောက် တန်ဖိုးများ မြင့်တက်ခဲ့ခြင်းနှင့်အတူ ပြည်တွင်းရောင်းဈေးနှုန်းများ မြင့်တက်ခဲ့သည်။

ယခုအခါ ဆိပ်ကမ်းရောက်တန်ဖိုးများအရ စက်သုံးဆီ တစ်လီတာလျှင် ငွေကျပ် ၁၀၀ မှ ၁၂၅ ကျပ်ခန့်အထိနှင့် စားအုန်းဆီ တစ်ပိဿာလျှင် ၁၂၅ ကျပ်ခန့်အထိ ပြန်လည်ကျဆင်းလာလျက်ရှိပြီး ပဲပုပ်ဆီဈေးနှုန်းသည်လည်း ကျဆင်းလျက်ရှိကြောင်း သိရသည်။

ဆိပ်ကမ်းများသို့ ဆီနှစ်မျိုးလုံး သယ်ဆောင်လာသည့် သင်္ဘောများ အဆက်မပြတ် ဝင်ရောက်လျက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅ - ၇ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၁၂၅ | ၃၀၉၅ | ၃၀၃၀ | ၃၀၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၅၀၅ | ၃၃၈၀ | ၃၁၀၀ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၁၅ |
| 95 Ron | ၃၀၇၅ | ၃၀၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၀၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၆၀ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၀၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၄၄ | ၂၉၃၅ |
| 95 Ron | ၂၉၀၂ | ၂၉၉၄ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၁၇၇ |
| HSD (10 ppm) | ၃၀၈၅ | ၃၁၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

## “သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်”

❑ *ရွှေဖုံးမှ*

အစိုးရ စက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် ရာသီဥတုမျှတစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ဂေဟစနစ် ကောင်းမွန်စေရန်၊ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင် အမွေအနှစ်ကောင်းများ ပေးစွမ်းနိုင်စေရန်နှင့် သစ်ပင်သစ်တောများ၏ စစ်မှန်သည့် တန်ဖိုးကို သိရှိနားလည်ပြီး သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်း ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်ပြီး နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံတော်က ဦးစီးဦးဆောင်လုပ်ပြီး နိုင်ငံနှင့်တစ်ဝန်းကျင်းပ ပြုလုပ်လျက်ရှိကြောင်း၊ ယနေ့ပြုလုပ်သည့် ၂၀၂၅ ခုနှစ်အတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရာသီအလိုက် ရောင်စုံပန်းများဖူးပွင့်သည့် သစ်မျိုး ၁၈ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဇွန်လ ၁၅ ရက်တွင်လည်း ရန်အောင်မြင်ကြိုးဝိုင်းအတွင်း၌ ပထမအကြိမ်အဖြစ် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း။

### သဘာဝရင်းနှီးမြှုပ်နှံမှု

သစ်ပင်များသည် ကမ္ဘာမြေကြီးနှင့် လူသားများအတွက် များပြားလှသည့် အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း၊ သုတေသနပညာရှင်များ၏လေ့လာမှုအရ သစ်ပင်များရှိသည့် စိမ်းလန်းစိုပြည်နေသည့် ပတ်ဝန်းကျင်တို့သည် စိတ်ဖိစီးမှုကိုလျှော့ချပေးပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို တိုးတက်စေနိုင်သည်ဟု ဆိုကြောင်း၊ သစ်ပင်များနှင့်ပြည့်နေသည့် ပန်းခြံများ၊ လမ်းမများ၊ ကျေးလက်နှင့် မြို့ပြများသည် လမ်းလျှောက်ရန်၊ အပန်းဖြေရန်၊ အရိပ်ရရန်တို့အပြင် အေးချမ်းသည့် သဘာဝအလှနှင့်ထိတွေ့ခြင်းအားဖြင့် လူသားများ၏ ကျန်းမာရေးဆိုင်ရာကောင်းကျိုးများ ဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အလွန်အရေးကြီးပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။

သစ်ပင်စိုက်ပျိုးခြင်းဟူသည်မှာ ရိုးရှင်းသည့် သာမန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ရေရှည်အတွက် ကြီးမားသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း၊ သစ်ပင်တစ်ပင်စိုက်ပျိုးလိုက်သည့်အခါ အဆိုပါသစ်ပင်ကြီး ရှင်သန်ကြီးထွားနေသမျှ ကာလပတ်လုံး ရရှိလာသည့် အရိပ်အာဝါသ၊ သစ်သီးဝလံ၊ လတ်ဆတ်သည့်လေ၊ ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်မှု စသည့်အကျိုးကျေးဇူးများအားလုံးသည် စိုက်ပျိုးခဲ့သည့်သူအတွက် ကုသိုလ်များအဖြစ် အလိုလိုရရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံဖြင့် နှစ်ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာအထိ အကျိုးဆက်များစွာ ပေးစွမ်းနေမည်ဖြစ်ကြောင်း။

### ထာဝရကုသိုလ်ဖြစ်

ထို့အပြင် သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်း ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်ကြောင်း။

### ဂေဟစနစ်ထိန်းသိမ်းရေး

ယနေ့ကမ္ဘာ၌ လူဦးရေတိုးပွားလာခြင်းနှင့်အတူ သစ်တောပြုန်းတီးခြင်း၊ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း စသည့် အကြောင်းရင်းများကြောင့် အရေးပါလှသည့် ဂေဟစနစ်များ ရေရှည်တည်တံ့ရေးအပေါ် ကြီးမားသည့်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်း၌ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး သဘာဝဂေဟစနစ် ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာမျိုးစုံကို အကောင်အထည်ဖော် ဆောင်ရွက်ကြသည့်အခါ၌ သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကဲ့သို့ ထိန်းသိမ်းကာကွယ်ရေးနယ်မြေများ သတ်မှတ်ခြင်းကို အဓိကအလေးပေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသဟု သတ်မှတ်ထားသည့် မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် အောက်ပိုင်းဒေသတို့သည် နိုင်ငံ၏စိုက်ပျိုးရေးအတွက် အရေးပါသည့်ဒေသဖြစ်ကြောင်း၊ ဒေသခံပြည်သူ သန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံကောင်းများရှိကြသည့် ဒေသများဖြစ်သော်လည်း မိုးခေါင်ရေရှားမှု၊ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုနှင့် ရေရရှိမှုနည်းပါးခြင်းများကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် သစ်ပင်များရှင်သန်ကြီးထွားအောင်မြင်ရန် ခက်ခဲပါကြောင်း၊ အထူးသဖြင့် ၂၀၂၄ ခုနှစ်၌ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အယ်လ်နီညို အကျိုးသက်ရောက်မှုအရ ပြင်းထန်သည့် အပူချိန်မြင့်မားမှုဒဏ်ကို ခံစားခဲ့ရသည်မှာ အားလုံး အသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ၏ဂေဟစနစ် ပိုမိုကောင်းမွန်လာစေရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတု မျှတကောင်းမွန်စေရေးတို့ကို စီမံချက်များဖြင့်ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သစ်တောဧရိယာများ တိုးပွားလာစေရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးအတွက် လမ်းဘေးဝဲယာတို့တွင် သစ်ပင်စိုက်ပျိုးခြင်း၊ တစ်ရွာ(၂)ကေဖြင့် ကျေးရွာ ထင်းစိုက်ခင်းများ တည်ထောင်ခြင်း အပါအဝင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်နိုင်ရန် တောင်ကုန်း၊ တောင်ထိပ်များ၊ မြစ်ချောင်း၊ ဆည်တာတမံများ၏ ရေဝေရေလဲဧရိယာများ၊ ကမ်းရိုးတန်း ဒီရေတောများ၊ ဂေဟစနစ်များကိုလည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအပါအဝင် ဂေဟစနစ်များ ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများသည်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အရေးကြီးဆုံးသော မောင်းနှင်အားဖြစ်ပြီး သဘာဝကိုအခြေခံသည့် ဖြေရှင်းခြင်းနည်းလမ်းများ (Nature-based Solutions) ဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားပြီး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလျဉ်းသင့်သဖြင့် နိုင်ငံတော်၏ သစ်တောများ ရေရှည်တည်တံ့ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အရှေ့တောင်အာရှ နိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံပြီးပါက ဧရိယာဒုတိယအကြီးဆုံး နိုင်ငံတစ်ခုဖြစ်သကဲ့သို့ ပထဝီဝင်နိုင်ငံရေးအခြေအနေအရ သော်လည်းကောင်း၊ ဘူမိ ရူပ ထူးခြားတည်ရှိမှုအရသော်လည်းကောင်း၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ မြောက်ဘက်ရေခဲတောင်များမှစပြီး တောင်ဘက် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါကျွန်းစုဂေဟစနစ်အထိ နေရာဒေသအသီးသီးတွင် ဂေဟစနစ်မျိုးစုံကို ပိုင်ဆိုင်သည့်နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း။

**ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်**

နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရန်၊ တောရိုင်းတိရစ္ဆာန်နှင့် ထင်ရှားသည့် ဘူမိရူပ ထူးခြားသည့်နေရာများကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် နိုင်ငံဧရိယာ၏ (၃၀) ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ (၁၀)ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းသွားရန် ရည်မှန်းချက်ဖြင့် စီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း ယနေ့အထိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၆၁ ခု၊ ဧရိယာ ဧက ၆ သိန်း ၆ သောင်းကျော်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၆ ခု၊ ဧရိယာဧက ၆ သိန်း ၁ သောင်းကျော်ကို ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း၊ ယခုအချိန်ထိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၁၃၂၄ ခု၊ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၉၄ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၃ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီ ဖြစ်သဖြင့် ရည်မှန်းချက် ပြည့်မီအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ ပျိုးပင်များတပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

လက်ရှိ နိုင်ငံသားများနှင့် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်ကောင်းများပေးနိုင်ရန် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိ သစ်တောဖုံးလွှမ်းမှုများတိုးတက်လာအောင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

သစ်တောသယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေတာဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် သစ်၊ ဝါး၊ ကြိမ် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**ပြုစုထိန်းသိမ်း**

ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို နိုင်ငံတော်က အလေးအနက်ထားပြီး မူဝါဒချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးကလည်း ရှိပြီးသား သစ်ပင်သစ်တောများကို ကာကွယ်ထိန်းသိမ်းပြီး မိမိတို့ အိမ်ခြံဝင်း၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ လမ်းဘေးဝဲယာအသီးသီးတွင် အရိပ်ရပင်များ၊ လေကာပင်များ၊ ရာသီအလိုက်ဖူးပွင့်သည့် ပန်းပင်များ စသည်ဖြင့် စိုက်ပျိုးကြရန်နှင့် တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်အောင်လည်း ပြုစုထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ Green City, Clean City, Smart City နှင့် Green Village များ ဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်ကြောင်း၊ သစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင်စိမ်းစိုသာယာလှပမှုသာမက လူတိုင်း၏ရင်ကို အေးမြစေပြီး စိတ်လက်ပေါ့ပါးမှု၊ ပျော်ရွှင်ချမ်းမြေ့မှု၊ လန်းဆန်းတက်ကြွမှုနှင့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ ထိုသို့ဖန်တီးပေးနိုင်သည်ကို ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်သည် နိုင်ငံချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်အတွက် သန္ဓေတည်ရာ မျိုးစေ့ဖြစ်လာမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခု သစ်ပင်စိုက်ပျိုးပွဲတော်မှသည် နိုင်ငံတစ်ဝန်း ကျေးလက်မြို့ပြများ အားလုံး စိမ်းလန်းစိုပြည်သာယာစေရန်၊ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေငြိမ်းချမ်းသာယာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီး မောင်မောင်အေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာဇဌာနီလမ်းမကြီးပေါ်ရှိ ကွန်ကရစ်လမ်းပျက်စီးမှုအား စက်ယန္တရားများအသုံးပြု၍ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းပျက်စီးနေရာများအား Regulating Course Mix Design ဖြင့် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၄

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းပျက်စီးနေရာများအား နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးနှင့်တာဝန်ရှိသူများက ရာဇဌာနီလမ်းမကြီးပေါ်ရှိ ပန်းခင်းလမ်းမီးပွိုင့် လမ်းဆုံမှ ကုမုဒြာကြာပန်းအဝိုင်းအထိ ကွန်ကရစ်လမ်းပျက်စီးမှုအား စက်ယန္တရားများအသုံးပြု၍ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရေရှည်တည်တံ့ကောင်းမွန်ရေးဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလမ်းပိုင်းပြင်ဆင်ခြင်းလုပ်ငန်းအား နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လမ်းရေရှည်တည်တံ့ကောင်းမွန်ရေး၊ သတ်မှတ်အချိုးအစားများပြည့်မီမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်၊ လမ်းကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းသားညီညာမှုရှိစေရေးနှင့် သိပ်သည်းမှုရှိစေရေး လမ်းကြိတ်စက်များအား သတ်မှတ်မောင်းနှင်ရမည့်နှုန်းထားအတိုင်း မောင်းနှင်ဆောင်ရွက်စေရန်၊ လမ်းမျက်နှာပြင်ညီညာမှုရှိစေရေး၊ လမ်းပေါ်၌ ရေတင်မှုမရှိစေရေးနှင့် ရေဆင်းမှန်ကန်မှုရှိစေရေး သတ်မှတ်နည်းစနစ်များအတိုင်း စနစ်တကျဆောင်ရွက်သွားရန်၊ လမ်းလယ်ကျွန်းရှိ လမ်းကွေ့နေရာများ၌လည်း ညီညာမှုရှိစေရေး၊ လမ်းခင်းခြင်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရာဇဌာနီလမ်းမကြီးပေါ်ရှိ လမ်းပျက်စီးနေရာများအား နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

### နည်းပညာအသစ်ဖြင့်ဆောင်ရွက်

အဆိုပါ ရာဇဌာနီလမ်းမကြီးပေါ်ရှိ ပန်းခင်းလမ်းမီးပွိုင့်လမ်းဆုံမှ ကုမုဒြာကြာပန်းအဝိုင်းအထိ လမ်းပိုင်းနေရာသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဆိုးရွားစွာပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်လှုပ်ခတ်ပြီးမကြာမီအချိန်ပိုင်းအတွင်း ထိခိုက်ပျက်စီးမှုများအား သွားရောက်စစ်ဆေးခဲ့သည့်နေရာဖြစ်ကာ ထိုသို့သွားရောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး အင်ဂျင်နီယာများနှင့် ဆွေးနွေးတိုင်ပင်မှုများအရ လမ်းပိုင်းပြုပြင်မှုများ ဆောင်ရွက်ရာတွင် နည်းပညာအသစ်ဖြစ်သည့် Regulating Course Mix Design ဖြင့် ဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည်။ ထိုသို့လမ်းညွှန်မှာကြားချက်အရ လမ်းပြုပြင်ခြင်းလုပ်ငန်းများကို Regulating Course Mix Design ဖြင့် ဆောင်ရွက်နိုင်ရန် မူလနိုင်လွန်ကတ္တရာ Mix Design မှ ကတ္တရာပါဝင်မှုနှုန်းနှင့် ဘိလပ်မြေပါဝင်မှုတို့ကို လျှော့ချ၍ Design စမ်းသပ်ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Design ပြုလုပ်ထားသည့် အချိုးအတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာန နိုင်လွန်ကတ္တရာ Lab ခန်းတွင် နမူနာ Mould ၂ တုံးပြုလုပ်၍ Marshall Testing Machine စက်ဖြင့် Stability နှင့် Flow အား စမ်းသပ်ခဲ့ရာ သတ်မှတ်စံနှုန်းများအတွင်း ရရှိစမ်းသပ်မှုအောင်မြင်ခဲ့ကြောင်း၊ ထိုကဲ့သို့ အဆင့်ဆင့်စမ်းသပ်ခဲ့ပြီးနောက် ယခုလမ်းပိုင်းအား Regulating Course Mix Design ဖြင့် ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်ပြီး Regulating Course Mix Design ဖြင့် လမ်းလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ၂ လက်မဒု၊ ၁၂ ပေ အကျယ်၊ ပေ ၅၂၈၀(၁မိုင်) လျှင် ဘိလပ်မြေ ၁၈ ဒသမ ၄၄ တန်(၃၆၈) အိတ်နှင့် ကတ္တရာ ၆ ဒသမ ၁၅ တန်(၃၃ ပီပါ) သက်သာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









Regulating Course Mix Design ဖြင့် စမ်းသပ်နေမှုအား တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၌ ဇွန် ၂၆ ရက်က အဖွင့်အမှာစကားပြောကြားစဉ်။ (၂၆-၆-၂၀၂၅)

# ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union- EAEU) နှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း

**မောင်မိုး**

**သမိုင်းကြောင်း**

ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union– EAEU) သည် ၂၀၁၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ဘယ်လာရုစ်၊ ကာဇက်စတန်၊ ရုရှားသမ္မတနိုင်ငံတို့မှ စာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း စတင်၍ တရားဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးနောက်ပိုင်းတွင် အာမေးနီးယားနှင့် ကာဂျစ္စတန်တို့သည် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union – EAEU) သည် ဥရောပ-အာရှတိုက်ရှိ အဖွဲ့ဝင်နိုင်ငံငါးနိုင်ငံမှ တည်ထောင်ထားသည့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တစ်ခုလည်းဖြစ်ပါသည်။ EAEU ၏ အဓိက ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်၊ ဝန်ဆောင်မှု၊ အလုပ်သမားနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းနိုင်ရန်အတွက် တစ်ခုတည်းသော ဈေးကွက်တစ်ခုကို ဖန်တီးရန်ဖြစ်သည်။ ယခုအခါ EAEU သည် လူဦးရေ ၁၈၃ သန်းကျော် စုစုပေါင်း GDP ၂ ဒသမ ၄ အမေရိကန်ထရီလီယံကျော်ရှိပြီး ကမ္ဘာ့စီးပွားရေးတွင်အရေးပါသည့်စီးပွားရေးသမဂ္ဂတစ်ခုအဖြစ် ရပ်တည်လာပါသည်။ EAEU သည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၁၄ ဒသမ ၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၀ ဒသမ ၃ ရာခိုင်နှုန်း ထုတ်လုပ်နိုင်ပါသည်။

**အဖွဲ့ဝင်နိုင်ငံများ၏ အခန်းကဏ္ဍ**

ရုရှားနိုင်ငံသည် EAEU တွင် အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ၏ မူဝါဒများနှင့် ဦးတည်ချက်များကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။ စွမ်းအင်အရင်းအမြစ်များ ကြွယ်ဝသောကြောင့် ရုရှားသည် အခြားအဖွဲ့ဝင်နိုင်ငံများအတွက် အရေးပါသော ကုန်သွယ်ဖက်နှင့် စွမ်းအင်ထောက်ပံ့သူနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ **ဘယ်လာရုစ်နိုင်ငံ**သည် စက်မှုထွန်းကားသော နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးနှင့် စက်မှုကုန်ထုတ်လုပ်မှုတွင် အားသာချက်များစွာရှိပါသည်။ ရုရှားနှင့် မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးရှိပြီး EAEU ၏ အဓိက မိတ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ **ကာဇက်စတန်နိုင်ငံ**သည် သဘာဝအရင်းအမြစ်များ ကြွယ်ဝပြီး ရေနံနှင့် သတ္တုများ ထုတ်လုပ်ရာတွင် အဓိကကျပါသည်။ EAEU ၏ အလယ်ဗဟိုတွင်တည်ရှိပြီး ကုန်သွယ်ရေးလမ်းကြောင်းအတွက် အရေးပါသောနိုင်ငံဖြစ်ပါသည်။ **အာမေးနီးယားနှင့် ကာဂျစ္စတန်နိုင်ငံတို့**သည် စီးပွားရေးအရ သေးငယ်သော်လည်း EAEU တွင် ပါဝင်ခြင်းအားဖြင့် ၎င်းတို့၏ စီးပွားရေးကို မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် အခွင့်အလမ်းများ ရရှိနေကြပါသည်။ ထို့အပြင် မောလ်ဒိုဗာ၊ ဥဇဘက်ကစ္စတန်၊ ကျူးဘားနိုင်ငံနှင့် အီရန်တို့သည်လေ့လာသူနိုင်ငံ (Observer Status) များအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**EAEU နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ**

EAEU သည် အခြားသော နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် **Belt and Road Initiative (BRI)**နှင့် ချိတ်ဆက်ကာ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် EAEU – China Trade and Economic Cooperation Agreement ကို လက်မှတ်ရေးထိုးခဲ့ပြီး ကုန်သွယ်ရေး အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ထို့အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) နှင့်လည်း ပူးပေါင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်၊ ဆားဘီးယား၊ အင်ဒိုနီးရှား၊ အီရန်နိုင်ငံတို့ဖြင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များ (FTAs) ချုပ်ဆိုထားရှိသည်။ အိန္ဒိယ၊ အီဂျစ်၊ တူကီယဲနိုင်ငံများနှင့် စီးပွားရေးဆွေးနွေးမှုများ ပြုလုပ်လျက် ရှိသည်။ ယခုအခါ EAEU သည် တတိယနိုင်ငံများနှင့် ပိုမိုကျယ်ပြန့်သော ကုန်သွယ်မှုဆက်ဆံရေးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်တည်ဆောက်နေပြီး ဥရောပ-အာရှတိုက်အတွင်း စီးပွားရေးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ စိန်ခေါ်မှုများရှိသော်လည်း ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် ၎င်း၏ ဩဇာလွှမ်းမိုးမှုကို ဆက်လက်တည်ဆောက်နိုင်ရန် အလားအလာကောင်းများ ရှိနေသည်။ သို့ဖြစ်ရာ ရုရှားသမ္မတ ဗလာဒီမာပူတင်က ယခုပြုလုပ်သည့် ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် "တရားမျှတသည့် ဘက်ပေါင်းစုံပါဝင်သော ကမ္ဘာကို ပုံဖော်ရာတွင် EAEU ၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ မိမိတို့၏ မဟာမိတ်အဖွဲ့အစည်းသည် စိတ်ဝင်စားသည့် နိုင်ငံခြားမိတ်ဖက်အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် အမြဲတမ်း လမ်းဖွင့်ထားပါကြောင်း၊ အပြန်အလှန်အကျိုးရှိသည့် ဆက်ဆံရေးများသည် ဥရောပ-အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတစ်ခွင်ရှိ နိုင်ငံများနှင့်အတူ တက်ကြွစွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း" အလေးအနက် ပြောကြားခဲ့ခြင်းဖြစ်သည်။

**EAEU နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ**

EAEU နိုင်ငံများသို့ မြန်မာ၏ အဓိကပို့ကုန်များတွင် ဆန်၊ ကော်ဖီ၊ စားအုန်းဆီ၊ ကိုကိုးစေ့များ ပါဝင်ပါသည်။ မြန်မာနိုင်ငံသို့ သွင်းကုန်ပြုလုပ်ရာတွင် ဓာတ်မြေဩဇာများ၊ စားသုံးသူ သုံးကုန်ပစ္စည်းများ၊ စက်ကိရိယာများနှင့်ပစ္စည်းများ၊ သတ္တုများ၊ စားသုံးဆီများ၊ ဘိလပ်မြေနှင့်

*စာမျက်နှာ ၇ သို့*

> **❝ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) ၏ အခြေခံမှုများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှုအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကိုလေးစားခြင်းတို့သည် ကမ္ဘာတွင် လက်တွေ့လိုအပ်နေသည့်အရာများပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏ အခြေခံမှုများကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသင့်ရှိထိုက်သည့် ကောင်းမွန်သည့်အခြေခံမှုများကို အလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသည့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ထောက်ခံကြောင်းကို ပြောကြားလို ❞**




Eurasian Economic Union : Russia, Belarus, Kazakhstan, Armenia, Kyrgyzstan



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev တို့ တွေ့ဆုံဆွေးနွေးစဉ်။ (၂၆-၆-၂၀၂၅)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (၂၆-၆-၂၀၂၅)

**❖ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့ကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်က စတင်ခဲ့ကာ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် (EEC) ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကို ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့ပြီး ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်ကစပြီး အရှိန်အဟုန်မြင့်တက်လာခဲ့ကာ (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့**

*စာမျက်နှာ ၆ မှ*

ဆေးဝါးများက အဓိက နေရာယူထားပါသည်။ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) နှင့် မြန်မာနိုင်ငံတို့အကြားရှိ ကုန်သွယ်မှုသည် ၂၀၁၉ ခုနှစ်မှစ၍သုံးဆကျော် တိုးလာခဲ့ကြောင်း ဥရောပ-အာရှစီးပွားရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ မင့်စ်မြို့၌ ပြုလုပ်ခဲ့သော ဥရောပ-အာရှစီးပွားရေးဖိုရမ်၏ ဆွေးနွေးပွဲ၌ ဥရောပ-အာရှစီးပွားရေးကော်မရှင်၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အလုပ်သဘော တွေ့ဆုံဆွေးနွေးစဉ် "၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ EAEU နိုင်ငံများနှင့် မြန်မာနိုင်ငံအကြားရှိ ကုန်သွယ်မှုပမာဏသည် သုံးဆကျော်အထိတိုးတက်လာခဲ့ပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကျော်လွန်သွားပါတယ်" ဟု ပြောကြားခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့ကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်က စတင်ခဲ့ကာ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် (EEC) ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကို ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့ပြီး ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်က စပြီး အရှိန်အဟုန် မြင့်တက်လာခဲ့ကာ (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ယနေ့အချိန်တွင် EAEU အနေဖြင့် စိန်ခေါ်မှုများကိုလည်း ကြံ့ကြံ့ခိုင်ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရုရှား-ယူကရိန်း စစ်ရေးအခြေအနေကြောင့် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများကို ရင်ဆိုင်နေရပြီး EAEU ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လှုပ်ရှားမှုများကို ထိခိုက်စေသည်။ ဥပမာအားဖြင့် SWIFT Digital ငွေလွှဲစနစ်မှ ရုရှားနိုင်ငံ၏ ဘဏ်များကို ပိတ်ပင်ခြင်း၊ ဖယ်ရှားခံရခြင်းအခြေအနေများသည် EAEU အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံတကာငွေလဲလှယ်မှုကို အနည်းငယ်ထိခိုက်ခက်ခဲစေခဲ့သည်။ သို့ဖြစ်၍လည်း ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) သည် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ဆွဲဆောင်လျက်ရှိပြီး အချို့က ၎င်း၏ ကောင်းကျိုးကို လိုလားကြသကဲ့သို့ အချို့ကလည်း ၎င်းအား ယိုင်နဲ့သွားသည်ကို သို့မဟုတ် ပြိုကွဲသွားသည်ကိုပင် လိုလားကြကြောင်း ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုက ထုတ်ဖော်ပြောကြားခဲ့ခြင်းသည် ယနေ့ EAEU အဖွဲ့အစည်း၏ ကမ္ဘာ့အလယ်တွင် မည်မျှအရေးပါမှုအခြေအနေများကို မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။

**မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ**

ကမ္ဘာလုံးဆိုင်ရာ မတည်မငြိမ်မှုများနှင့် မဟာမိတ်စုဖွဲ့မှုအပြောင်းအလဲများ ဖြစ်ပေါ်နေသော ယခုကဲ့သို့ ကာလမျိုးတွင် EAEU ကဲ့သို့သော အဖွဲ့အစည်းများသည် ဝန်ဆောင်မှုလွတ်လပ်ခွင့်၊ ကုန်သွယ်ရေးလွယ်ကူမှုနှင့် ကျယ်ပြန့်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့်အရေးကြီးသော ကိစ္စရပ်များကို အတူတကွပူးပေါင်းရင်ဆိုင်နိုင်မည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ သတ္တုတွင်းထွက်ကုန်များနှင့် အခြားထွက်ကုန်များအတွက် EAEU အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့နိုင်သည့် အလားအလာ များစွာရှိပါသည်။ အလားတူပင် ရုရှားနှင့် အခြား EAEU အဖွဲ့ဝင်နိုင်ငံများ၏ စက်မှုထုတ်ကုန်၊ နည်းပညာနှင့်

*စာမျက်နှာ ၈ သို့*




ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev Minsk International Exhibition Center BELEXPO ၌ ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။ (၂၆-၆-၂၀၂၅)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Minsk International Exhibition Center BELEXPO ၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။ (၂၆-၆-၂၀၂၅)



ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ - အာရှစီးပွားရေးဖိုရမ် (EEF 2025) ကျင်းပစဉ်။ (၂၆-၆-၂၀၂၅)

*စာမျက်နှာ ၇ မှ*

စွမ်းအင်ထုတ်ကုန်များကို မြန်မာနိုင်ငံသို့ တင်သွင်းနိုင်မည်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသစ်များ၊ စွမ်းအင်နည်းပညာ၊ အခြားစက်မှုလုပ်ငန်းများအတွက် ရုရှားနှင့် EAEU အဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများလည်း ရှိနေပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ဝင်ရောက်မှု အခွင့်အလမ်းများက စိုက်ပျိုးရေးထွက်ကုန်များ၊ စက်မှုထုတ်ကုန်များ တိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် စိုက်ပျိုးရေး နည်းပညာ၊ စိုက်ပျိုးရေးစက်ယန္တရား၊ အရည်အသွေးမြှင့်တင်ရေးနည်းပညာများ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝင်ရောက်လာနိုင်ပါသည်။

EAEU နိုင်ငံများမှ နည်းပညာသစ်များ၊ စက်မှုလုပ်ငန်းနည်းပညာ၊ သုတေသနနှင့် ပညာရေးပူးပေါင်းမှုများသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါပါသည်။ ပညာရေး၊ သုတေသန၊ လူမှုရေးပူးပေါင်းမှုများအတွက်လည်း အလားအလာများစွာရှိပါသည်။ အထူးသဖြင့် ပညာရေးအတန်းမြှင့်တင်ရေး၊ နည်းပညာလေ့လာရေး၊ ကျောင်းသား လဲလှယ်ရေးအစီအစဉ်များတွင် ပိုမိုတိုးတက်လာနိုင်ပါသည်။ မြန်မာနိုင်ငံအတွက် လိုအပ်သည့် ဓာတ်မြေဩဇာ၊ ရေနံထွက်ပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများကို EAEU နိုင်ငံများမှ တင်သွင်းနိုင်သလို မြန်မာ့ထုတ်ကုန်များကိုလည်း ဈေးကွက်အသစ်များသို့ ပို့နိုင်မည်ဖြစ်ပါသည်။ EAEU သည် ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာလွှဲပြောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မြန်မာနိုင်ငံအတွက် တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်။ ရုရှားနှင့် အခြား EAEU အဖွဲ့ဝင်နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး၊ စီးပွားရေးသဘောတူညီချက်များ တိုးမြှင့်ခြင်းက မြန်မာနိုင်ငံအတွက် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာစေပါသည်။ ကမ္ဘာ့စီးပွားရေး ဩဇာသက်ရောက်မှုများ ပြောင်းလဲလာပြီး အသစ်အသစ်သော ကုန်သွယ်ရေးလမ်းကြောင်းများ ပေါ်ထွန်းလာသည်နှင့်အမျှ မြန်မာနိုင်ငံအနေဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်မည် ဖြစ်ပါသည်-

(က) **မဟာဗျူဟာကျသော ချိတ်ဆက်မှုများကို စူးစမ်းရှာဖွေခြင်း။** ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် EAEU တွင် လေ့လာသူနိုင်ငံ (Observer Status) အဖြစ် အဆိုပြုခဲ့ခြင်းသည် EAEU ၏ အာရှဒေသသို့ ချဲ့ထွင်မှုအတွက် အခွင့်အလမ်းတစ်ရပ် အဖြစ်လည်း ပုံဖော်လာနိုင်စွမ်းရှိမည်ဖြစ်ပါသည်။ EAEU အဖွဲ့ဝင်နိုင်ငံမဟုတ်သေးသော်လည်း မြန်မာနိုင်ငံသည် အဖွဲ့၏ ပူးပေါင်းဆက်ဆံရေးဗျူဟာများကို အနီးကပ် လေ့လာနိုင်ပါသည်။ ဤသို့ လေ့လာခြင်းမှတစ်ဆင့် မြန်မာနိုင်ငံအနေဖြင့် ရှိပြီးသား သမားရိုးကျဈေးကွက်များအပြင် အခြားသော နိုင်ငံတကာဈေးကွက်များသို့ ချဉ်းကပ်ရေးနည်းလမ်းများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် နည်းဗျူဟာများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင် မိမိ၏ စီးပွားရေးအခန်းကဏ္ဍကို မြှင့်တင်ရန် နည်းလမ်းများ စသည်တို့ကို ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

( ခ ) **ကုန်သွယ်ရေးနှင့် ဈေးကွက်အခွင့်အလမ်းများ။** EAEU သည် ဝန်ဆောင်မှု လွတ်လပ်ခွင့် (Service Liberation) နှင့် ပြင်ပမိတ်ဖက်များနှင့် ကုန်သွယ်ရေး ချဲ့ထွင်မှုဆိုင်ရာ ဆွေးနွေးမှုများကို ပြုလုပ်နေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး၊ အထည်ချုပ်လုပ်ငန်းကဲ့သို့သော ကဏ္ဍများတွင် အထူးအခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ပါသည်။

( ဂ ) **ဒေသတွင်း ပေါင်းစည်းမှုပုံစံများကို လေ့လာခြင်း။** EAEU သည် ဒေသတွင်း ပေါင်းစည်းမှု၏ ဥပဒေသတစ်ခုဖြစ်ပါသည်။ ASEAN တွင် တက်ကြွစွာ ပါဝင်နေသော မြန်မာနိုင်ငံအတွက် ဒေသတွင်းအဖွဲ့အစည်းများသည် အချုပ်အခြာအာဏာနှင့် စီးပွားရေးညှိနှိုင်းမှုတို့အား မည်သို့ချိန်ညှိကြပုံကို နားလည်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

(ဃ) **နည်းပညာနှင့် အခြေခံအဆောက်အအုံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အလားအလာများ။** ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများနှင့် ရေရှည်တည်တံ့သည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဲ့သို့သော ကဏ္ဍများသည် မြန်မာနိုင်ငံအတွက် အနာဂတ် ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် အသိပညာဖလှယ်ရန် ရှာဖွေနိုင်သည့် နယ်ပယ်အသစ်များဖြစ်ပါသည်။

( င ) **ဒေသတွင်းအဆင့်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို ပိုမိုထင်ရှားစွာ ပြသနိုင်ခြင်း။** လေ့လာသူအဆင့်ဖြင့် သော်လည်းကောင်း၊ ဆက်စပ်ဖိုရမ်များတွင် သော်လည်းကောင်း ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှကြားရှိ ၎င်း၏ မဟာဗျူဟာကျသော တည်နေရာကို အသုံးချခြင်းဖြင့် နိုင်ငံပေါင်းစုံနှင့် စီးပွားရေး ချိတ်ဆက်ဆောင်ရွက်မှုများကို ဖွင့်လှစ်ထားကြောင်း ပြသနိုင်ပါသည်။

သို့ဖြစ်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘယ်လာရုစ်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် ဥရောပ-အာရှ စီးပွားရေးဖိုရမ်၌ **“ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) ၏ အခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှုအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကို လေးစားခြင်းတို့သည် ကမ္ဘာတွင် လက်တွေ့လိုအပ်နေသည့်အရာများပင် ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏ အခြေခံမူများကို ချိုးဖောက်နေခြင်းပင် ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသင့်ရှိထိုက်သည့် ကောင်းမွန်သည့် အခြေခံမူများကို အလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုအကောင်အထည်ဖော်နေသည့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ထောက်ခံကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EAEU ၏ လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများကို အလေးထားစိတ်ဝင်စားသကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ၏ မိသားစု အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန်များစွာစိတ်အားထက်သန်လျက် ရှိပါကြောင်း”** အလေးနက်ထား ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် ဒေသတွင်းစီးပွားရေး ပူးပေါင်းချိတ်ဆက်မှုများ အရှိန်အဟုန်မြှင့် တိုးမြှင့်လာသည်နှင့်အမျှ ယခုကဲ့သို့ EAEU အဖွဲ့အစည်းအတွင်း လေ့လာသူနိုင်ငံအဆင့်၊ ၎င်းမှအမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်လာပါက မြန်မာနိုင်ငံအတွက် မိမိ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေကို မှန်တစ်ချပ်ကဲ့သို့ ပြန်လည်သုံးသပ်နိုင်ပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အရေးလမ်းကြောင်းများပါဝင်သည့် မြေပုံတစ်ချပ်ကို လက်ဝယ်ရရှိလိုက်သကဲ့သို့ အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း။ ။

❒ **ကမ္ဘာလုံးဆိုင်ရာ မတည်မငြိမ်မှုများနှင့် မဟာမိတ်စုဖွဲ့မှုအပြောင်းအလဲများ ဖြစ်ပေါ်နေသော ယခုကဲ့သို့ကာလမျိုးတွင် EAEU ကဲ့သို့သော အဖွဲ့အစည်းများသည် ဝန်ဆောင်မှုလွတ်လပ်ခွင့်၊ ကုန်သွယ်ရေးလွယ်ကူမှုနှင့် ကျယ်ပြန့်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည့်အရေးကြီးသော ကိစ္စရပ်များကို အတူတကွပူးပေါင်းရင်ဆိုင်နိုင်မည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ သတ္တုတွင်းထွက်ကုန်များနှင့် အခြားထွက်ကုန်များအတွက် EAEU အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့နိုင်သည့် အလားအလာများစွာရှိ**

**ကိုးကား**
https://sacoffice.gov.mm/my/niungngntteaaciimnaupkhuprekeaangciiukktttth-niungngntteaawnkiikhup-biulkhupmuukii-297
https://www.eaeunion.org/?lang=en
https://eng.belta.by/economics/view/trade-between-eaeu-myanmar-triples-since-2019- 169293-2025/
https:// eng.belta.by/economics/view/putin-lauds-eaeus-role-in-shaping - fair - multipolar - world-169339-2025/

# အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေး အနီရောင်အဆင့် (ဖြိုကျ/ဖြိုဖျက်) နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများဖျက်သိမ်းခြင်း ဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဇူလိုင် ၄

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်  ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အတူ ယနေ့ မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင်ရုံးအဆောက်အအုံများနှင့် နိုင်ငံတော်ပိုင်ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ အဆောက်အအုံများ ဖြိုချဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ဖြိုချဖျက်သိမ်းခြင်းလုပ်ငန်းများဆောက်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ တိုးချဲ့ လေးထပ်ဆောင်အဆောက်အအုံနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဆက်သွယ်ရေး အဆောက်အအုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုအလေးထား ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဗလသိဒ္ဓိရပ်ကွက်နှင့်  ဥတ္တရသိဒ္ဓိရပ်ကွက်တို့ရှိ ဖြိုချဖျက်သိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင် ဝန်ထမ်းအိမ်ရာများကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)**ဆယ်တင်ပစ္စည်းများ စနစ်တကျပြန်လည်အသုံးပြုနိုင်ရေး၊ အပျက်အစီးများကို နေရာများသတ်မှတ်၍ စနစ်တကျစွန့်ပစ်သွားနိုင်ရေး ဖျက်သိမ်းခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတိုင်း ပြီးစီးအောင်ဆောင်ရွက်သွားနိုင်ရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင် ရုံးအဆောက်အအုံများ၊ နိုင်ငံတော်ပိုင်ဝန်ထမ်းအိမ်ရာများနှင့် လူပျို/အပျိုဆောင်များကို အဆင့် (၁) စစ်ဆေးရေးအဖွဲ့အစည်းများဖွဲ့စည်းကာ စနစ်တကျစစ်ဆေးခဲ့ပြီး အပြာရောင်အဆင့် အဆောက်အအုံများကို ဦးစားပေးပြင်ဆင်လျက်ရှိသည်။ လိမ္မော်ရောင်အဆင့် အဆောက်အအုံများကို အဆင့် (၂) စစ်ဆေးရေးအဖွဲ့များဖြင့် အသေးစိတ်ထပ်မံစစ်ဆေးပြီး အဆင့် (၂) စစ်ဆေးမှုညွှန်ကြားချက်အတိုင်း Standard Operating Procedure – SOP နှင့်အညီ စတင်ပြင်ဆင်လျက်ရှိသည်။ အလားတူ အဓိကကျသည့် အစိတ်အပိုင်း (Structure) များ ထိခိုက်ပျက်စီးသွားသဖြင့် ဖြိုဖျက်ရမည့် အဆောက်အအုံများကိုလည်း ဖြိုဖျက်လျက်ရှိပြီး အသစ်တည်ဆောက်မည့် အဆောက်အအုံများအား ငလျင်ပြင်းအားရစ်(ချ်)တာစကေး ၈.၀ မဂ္ဂနီကျူခံနိုင်သော အဆောက်အအုံဒီဇိုင်းများ ရေးဆွဲခြင်း၊ မြေစမ်းသပ်ခြင်း(Soil Test)၊ အကွက်ချပုံစံ(Layout Plan) များ ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပြီး မကြာမီအဆောက်အအုံအသစ်များ စတင်ဆောက်လုပ်ရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။





**သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် တိုက်ပိ၊ တိုက်ပြားဖြစ်ပေါ်ခဲ့သော ဝန်ထမ်းအိမ်ရာ မြေညီထပ်အခန်းနေ ဝန်ထမ်းများအတွက် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော်  ဇူလိုင် ၄**

ငလျင်ဒဏ်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တိုက်ပိ၊ တိုက်ပြားဖြစ်ပေါ်ခဲ့သော ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၂၅ ခုမှ ဝန်ထမ်းအိမ်ရာ မြေညီထပ်အခန်း ၄၉၉ ခန်းအတွက် အခြေခံလိုအပ်သည့် မီးဖိုချောင်သုံးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်း ခြောက်မျိုး ထောက်ပံ့ပေးအပ်ပွဲကို  ယနေ့နံနက်ပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်၍  လူမှုဝန်ထမ်း၊  ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငလျင်ဒဏ်ကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ  အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မှုမှာ ငလျင်ဒဏ်ကြောင့် တိုက်ပိ၊ တိုက်ပြားဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာမြေညီထပ်နေ  ဝန်ထမ်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ထောက်ပံ့နိုင်ရေးအတွက်  ဆောင်ရွက်မှုဖြစ်ပါကြောင်း၊ ထောက်ပံ့နိုင်ရန်အတွက် ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ စာရင်းများ တောင်းခံရယူ၍ အကြိမ်ကြိမ် သေချာစွာစိစစ်ခဲ့ရကြောင်း၊ ရရှိလာသောစာရင်းများပါ မြေညီထပ်အခန်း ၄၉၉ ခန်းအတွက် ပုံမှန်နေ့စဉ်လူနေမှုဘဝကို အတိုင်းအတာတစ်ခုဖြည့်ဆည်းပေးနိုင်ရန်  အခြေခံလိုအပ်သည့် မီးဖိုချောင်သုံးနှင့်  လျှပ်စစ်ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဟင်းချက်အိုး၊ လျှပ်စစ်မီးပူတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ  ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက  တင်ဒါကော်မတီ  ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီအစဉ်ဖြင့်  ငလျင်ဘေးအန္တရာယ်  တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြား၍  ဒုတိယဥက္ကဋ္ဌများက  ဝန်ကြီးဌာန/ အဖွဲ့ အစည်းတစ်ခုချင်းစီအလိုက် မီးဖိုချောင်သုံးနှင့်  အိမ်သုံးလျှပ်စစ်ပစ္စည်း ခြောက်မျိုးကို ထောက်ပံ့ပေးအပ်သည်။ **(ဝဲပုံ)**

ယနေ့အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တိုက်ပိ၊ တိုက်ပြား ဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးဌာန/အဖွဲ့အစည်း ၂၅ ခုရှိ တိုက်အရေအတွက် ၁၂၄ လုံးမှ မြေညီထပ် ၄၉၉ ခန်းနေ ဝန်ထမ်းမိသားစုများကို  မီးဖိုချောင်သုံးနှင့်  အိမ်သုံးလျှပ်စစ်ပစ္စည်း ခြောက်မျိုးထောက်ပံ့ရန်  အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၇၈၀ ကျော်  ကျခံထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။  **သတင်းစဉ်**

# လယ်ယာစက်မှုဌာနအဆောက်အအုံ (ရာပြည့်အဆောက်အအုံ)အား ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ ညနေပိုင်းတွင်  ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသို့ သွားရောက်၍ မန္တလေးငလျင်ကြီးဒဏ်ကြောင့်  ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာစက်မှုဌာန အဆောက်အအုံ (ရာပြည့်အဆောက်အအုံ) ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်နိုင်ရန်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ရှိသူများကငလျင်ဒဏ်ကြောင့် စက်မှုဌာနအဆောက်အအုံ (ရာပြည့်အဆောက်အအုံ) ပျက်စီးထိခိုက်ခဲ့မှု အခြေအနေများနှင့်  ပြုပြင်မွမ်းမံရေးဆောင်ရွက်သင့်သည့်အစီအမံများကို ရှင်းလင်းတင်ပြရာ  ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့်အညီ ဆောင်ရွက်နိုင်ရေး၊  သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပထမအဆင့် ဆွေးနွေးရန် မှာကြားသည်။

လယ်ယာ  စက်မှုဌာန အဆောက်အအုံ  (ရာပြည့်အဆောက်အအုံ)ကို ၁၉၂၃ ခုနှစ်တွင်  စိုက်ပျိုးရေးကျောင်းသစ်အဖြစ် ဆောက်လုပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများကို သံဂဟေဆက်ခြင်း၊  ပန်းပဲလုပ်ငန်း၊ သစ်သားလုပ်ငန်း စသည့် လယ်ယာလုပ်ငန်းသုံး  စက်မှုပညာရပ်ကို သင်ထောက်ကူပစ္စည်း  အပြည့်အစုံဖြင့်  သင်ကြားပေးခဲ့သည့် နေရာဖြစ်ပြီး အဆိုပါ အဆောက်အအုံကြီးကို  သာသနာရေးနှင့်  ယဉ်ကျေးမှုဝန်ကြီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ရှေးဟောင်းအဆောက်အအုံ အမှတ် နပတ–၃၀၀၁ အဖြစ် ၂၀၂၃ ခုနှစ်တွင်  သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

**အစဉ်အလာကြီးမားသော မန္တလေးတက္ကသိုလ်ကြီး၏ နှစ် ၁၀၀ ပြည့်မြောက်ခဲ့သည့် နှစ်ပတ်လည်နေ့အား ဂုဏ်ပြုသောအားဖြင့် မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို ယနေ့ ညပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV Auditorium) ခန်းမ၌ ကျင်းပသည်။**



မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များက မြို့မတေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြစဉ်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာစိုးဝင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့ မြို့မိမြို့ဖများ၊ မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖျော်ဖြေပွဲမစတင်မီ MRTV Lobby ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် (ငြိမ်း) ဦးမောင်ကိုက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ထို့နောက် မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကိုကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲတွင် ပါဝင်တင်ဆက်ကြမည့် မန္တလေးမြို့မ တေးဂီတအဖွဲ့ကြီးနှင့် အနုပညာရှင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ အား လည်းကောင်း(**အပေါ်ယံပုံ**)၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀ အား လည်းကောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ မြို့မတေးဂီတအဖွဲ့ကြီး၏နာယကများဖြစ်ကြသည့် ဦးခင်မောင်သန်း၊ ဦးမြတ်စိုးဆွေနှင့် ဦးခင်မောင်ဆွေတို့က လက်ခံရယူကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် မန္တလေးတက္ကသိုလ်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတ ဖျော်ဖြေပွဲကို ဆက်လက်ကျင်းပရာ မန္တလေးမြို့မ တူရိယာအသင်းကြီး၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် သန်းမြတ်စိုး၊ ဖိုးသောကြာ၊ အိအိချွန်၊ မစံပယ်တို့နှင့် မန္တလေးမြို့မ တူရိယာအသင်း၏ ပင်တိုင်တေးသံရှင်များဖြစ်ကြသည့် ညီနေမင်း၊ အောင်မျိုးမြင့်၊ ကျော်ဌေးအောင်၊ စွမ်းရည်ထက်၊ ကျော်ဇင်၊ မြတ်နုသွေးနှင့် ပန်းအိန္ဒြေထက်(ပန်းလေး)တို့က ကျောက်ဆည်မြို့ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းမှ သမီးပျိုလေးများ၏ အကအလှများနှင့်တွဲဖက်၍ မန္တလေးမြို့၏ထင်ရှားကျော်ကြားသော ပုံရိပ်များ၊ အနှစ်သာရများကို ပေါ်လွင်ထင်ရှားစေသည့် ခေတ်အဆက်ဆက် ကျော်ကြားခဲ့သော မြို့မတေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

တေးဂီတဖျော်ဖြေပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မန္တလေးမြို့မ တီးဝိုင်းအဖွဲ့သားများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများနှင့် တစ်ဦးချင်းအမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

မန္တလေး တက္ကသိုလ်ကြီး၏ မူလအစဖြစ်သည့် မန္တလေးဥပစာကောလိပ်ကို ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် မန္တလေး ဝိဇ္ဇာ/သိပ္ပံကောလိပ်နှင့် ၁၉၅၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်အဖြစ် ပေါ်ထွန်းခဲ့ရာ မန္တလေးတက္ကသိုလ်ကြီးသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ် ၁၀၀ ပြည့်မြောက်ခဲ့သဖြင့်လည်းကောင်း၊ မန္တလေးမြို့ကြီး၏ အသည်းနှလုံးဖြစ်သော မန္တလေးမြို့မ တူရိယာအသင်းကြီး တည်ထောင်ခဲ့မှုမှာလည်း နှစ်တစ်ရာပြည့်မြောက်လာသဖြင့်လည်းကောင်း "မန္တလေးတက္ကသိုလ်ကြီး၏ ရာပြည့်အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲ" ကို မန္တလေးမြို့မ တူရိယာအသင်းကြီးက ဂုဏ်ယူစွာဖြင့် တီးခတ်ဖျော်ဖြေပေးခြင်းဖြစ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အပတ်စဉ် သောကြာနေ့ညတိုင်း တင်ဆက်လျက်ရှိသည့် Friday Night Live Show အစီအစဉ်တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်၍ နိုင်ငံတစ်ဝန်းသို့ တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ-၂၀၂၅ ဒုတိယနေ့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတကာမူပိုင်ခွင့် ညီလာခံ-၂၀၂၅ ဒုတိယနေ့ အခမ်းအနားများကို ယနေ့တွင် နေပြည်တော် Jasmine Naypyitaw Hotel ရှိ ဒုဋ္ဌဝတီခန်းမ၊ ကစ္ဆပနဒီခန်းမနှင့် ဧရာဝတီခန်းမတို့၌ ဆက်လက်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီး ဦးမင်းမင်းတို့ တက်ရောက်ကြပြီး




ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပမှ မူပိုင်ခွင့်ကျွမ်းကျင်သူပညာရှင်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ပါရဂူကျမ်းပြု ကျောင်းသားကျောင်းသူများ၊ ဥပဒေအကျိုးဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပ မူပိုင်ခွင့်ပညာရှင်များနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

**စာတမ်းများဖတ်ကြား**

ဒုဋ္ဌဝတီခန်းမတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၊ ဒေသဆိုင်ရာအညွှန်းနှင့်စပ်လျဉ်းသည့် စာတမ်းများ၊ မူပိုင်ခွင့်ကိုယ်စားလှယ်များအတွက် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် စာတမ်းများကိုလည်းကောင်း၊ ကစ္ဆပနဒီခန်းမတွင် မူပိုင်ခွင့်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများနှင့်စပ်လျဉ်းသည့် စာတမ်းများ၊ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် စာတမ်းများ၊ ဉာဏ်ရည်တုနည်းပညာများတွင် မူပိုင်ခွင့်ဆိုင်ရာစိန်ခေါ်မှုများနှင့်စပ်လျဉ်းသည့် စာတမ်းများကို လည်းကောင်း၊ ဧရာဝတီခန်းမတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် စာတမ်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် စာတမ်းများ၊ မူပိုင်ခွင့်အခွင့်အရေးများ ပိုင်ဆိုင်ခြင်းနှင့် နည်းပညာလွှဲပြောင်းမှုများ အားကောင်းစေခြင်း၊ အပင်မျိုးသစ် အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် စာတမ်းများကိုလည်းကောင်း သက်ဆိုင်ရာစာတမ်းရှင်ကဖတ်ကြားပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ -၂၀၂၅ ကို ကျင်းပခြင်းကြောင့် တီထွင်ဆန်းသစ်မှုကို မြှင့်တင်စေနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးစေနိုင်ခြင်းနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် မူပိုင်ခွင့်၏ အရေးပါပုံများကို သိရှိစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးငလျင်ဘေးသင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာနှုန်း ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးငလျင်ကြီးဘေးသင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်း ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ကောင်စီဝင်များ၊ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ် ပြဋ္ဌာန်းချက်ပါ အာမခံစနစ် ခြောက်မျိုးကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အာမခံစနစ်တစ်မျိုးချင်းထားရှိမှုအပေါ် မူတည်ပြီး အလုပ်ရှင်၊ အလုပ်သမားထည့်ဝင်ကြေးကို တိုးမြှင့်ပေးရသည့်အတွက် နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် အာမခံစနစ် သုံးမျိုးဖြစ်သည့် ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်နှင့် မိသားစုထောက်ပံ့မှု အာမခံစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ် မဖြစ်ပေါ်မီကပင် အာမခံအလုပ်သမားများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တို့၌ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်များ ထောက်ပံ့ရန် လမ်းညွှန်ထားသဖြင့် ကျောင်းသားကျောင်းသူများစာရင်းကို ကောက်ယူလျက်ရှိပြီး အာမခံအလုပ်သမားများ၏ (၂/၂၀၂၅) လ ထည့်ဝင်ကြေးအပေါ်မူတည်ပြီး မူလတန်းအား ထည့်ဝင်ကြေး၏ ၁၀ ရာနှုန်း၊ အလယ်တန်းအား ၁၅ ရာနှုန်း၊ အထက်တန်းအား ၂၀ ရာနှုန်း၊ တက္ကသိုလ်ကျောင်းသားများအား ၂၅ ရာနှုန်း ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ဘေးဒဏ်ကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုတို့တွင် ခံစားခဲ့ကြရာ ပြည်သူအားလုံး လူမှုဒုက္ခ ခံစားနေရချိန်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတွင်ရှိသည့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်း ခွင့်ပြုထုတ်ပေးရန် ထပ်မံလမ်းညွှန်မှုပြုခဲ့သဖြင့် ယနေ့အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာန ၁၀၉၇ ဌာန၊ အာမခံအလုပ်သမား ၂၇၂၆၇ ဦးအနက်မှ ယနေ့တွင် အာမခံလုပ်သား ၁၁၂၀၃ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်းဖြစ်သည့် ငွေကျပ် ၁၀၀၁ ဒသမ ၅၆၃ သန်းကို ဦးစွာ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော အာမခံလုပ်သားများကိုလည်း စာရင်းများစိစစ်ပြီးပါက ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုသို့ မကြာမီရက်များအတွင်း ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်းနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်များ ထောက်ပံ့ပေးရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Online Payment စနစ်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ပုဂ္ဂလိကဘဏ်များသို့ လွှဲပြောင်းပေးအပ်ပြီး Digital Payment စနစ်များဖြစ်သော KBZ Pay၊ AYA Pay၊ Wave Pay၊ UAB Pay၊ Mytel Pay စသည်တို့ဖြင့် အာမခံလုပ်သားများ လက်ဝယ်သို့ စနစ်တကျလွယ်ကူ မှန်ကန်မြန်ဆန်စွာ ရောက်ရှိစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အလုပ်ဌာနများမှ လျှောက်ထားလာသည့် အာမခံအလုပ်သမား ၁၁၂၀၃ ဦးတို့အတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်း ငွေကျပ် ၁၀၀၁ ဒသမ ၅၆၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့မှ Mobile Medical Unit (MMU) ဖြင့် နေပြည်တော် ကောင်စီဝင်းအတွင်း အာမခံအလုပ်သမားများအား ဆေးကုသဝန်ဆောင်မှုပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖*ကျောဖုံးမှ*

၂။ **နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင်ရပ်တည်လျက်ရှိသည့် နိုင်ငံရေးပါတီတို့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။ ထို့အပြင် မိမိတို့၏ ယုံကြည်ချက်နှင့် ခံယူချက်များအတွက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည့် PDF အမည်ခံများ အပါအဝင် လက်နက်ကိုင်အုပ်စုများ၏ မျှော်မှန်းချက်မှာလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင် ဖြစ်သည်။**

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အတော်ပင် ခရီးရောက်နေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် မျှော်မှန်းချက်တူညီပြီး ရွေးကောက်ပွဲလမ်းကြောင်းသို့ဝင်ရောက်မည့် နိုင်ငံရေးပါတီများမှာလည်း ၅၄ ပါတီ ရှိနေပြီဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဆီသို့ လျှောက်လှမ်းရန် တံခါးဝကြီးမှာ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးပင်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် **လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းနေမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးရှိမည်မဟုတ်ဘဲ ဒီမိုကရေစီနောက်ပြန်သွားနေသကဲ့သို့သာ ဖြစ်နေမည်ဖြစ်သည်။** ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်သည် **CRPH နှင့် NUG တို့၏ ဝါဒမှိုင်းတိုက်မှုကြောင့် လမ်းစပျောက်သွားရန်မလိုဘဲ မိမိတို့၏ ယုံကြည်ချက်၊ မိမိတို့၏ မျှော်မှန်းချက်လမ်းကြောင်းပေါ် ရောက်ရှိရေး ဆက်လက် လျှောက်လှမ်းရမည်သာဖြစ်သည်။** ရွေးကောက်ပွဲ ကျင်းပပြီး၍ လွှတ်တော်နှင့် အစိုးရများ ပေါ်ပေါက်လာလျှင် ၎င်းတို့သာ ရွေးကောက်ခံအစိုးရဟူသည့် ရပ်တည်မှုပျောက်ဆုံးမည်ကို စိုးရိမ်နေသည့် **CRPH နှင့် NUG တို့၏ လုပ်ဆောင်မှုများသည် မိမိတို့၏ မျှော်မှန်းချက်များနှင့် ဆန့်ကျင်နေပါက မှန်ကန်သည့် လမ်းကြောင်းကို ပြောင်း၍ လျှောက်လှမ်းရမည်သာဖြစ်သည်။**

လက်နက်ကိုင်လမ်းစဉ်ကြောင့် လူငယ်၊ လူရွယ်အများအပြား အသက်ဆုံးရှုံးကြရပြီး မျှော်မှန်းတည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုကြီးအတွက် လူစွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သည်။

၄။ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းရန်ကြိုးပမ်းမှုသည် နှစ်ပေါင်း ၇၀ ကျော်ကြာသော်လည်း မည်သည့်ရလဒ်မျှ မထွက်သည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်ကို သင်ခန်းစာယူကာ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ မိမိတို့၏ လက်နက်ကိုင်လမ်းစဉ်တွင် ပါဝင်နေမှုကြောင့်လည်းကောင်း မိမိတို့၏ မိဘညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးသားချင်းတို့သည် လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးကြရပြီး အတိဒုက္ခရောက်ကြရသည်ကို ထောက်ထား၍ဖြစ်စေ၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းပြီး ပညာရေး၊ ကျန်းမာရေး အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကို ထောက်ထား၍ဖြစ်စေ ရွေးကောက်ပွဲလမ်းကြောင်းကို အပြည့်အဝပူးပေါင်းပါဝင်ခြင်းဖြင့် မျှော်မှန်းသည့်ပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဖြစ်သည်။

၅။ **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးတို့သည် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးမှ ထွက်ပေါ်လာမည့် လွှတ်တော်၊ အစိုးရတို့နှင့် ဆက်လက်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။**

၆။ သို့ပါ၍ **PDF** အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကို မျှော်မှန်းကာ ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်မည်ဆိုပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပါကြောင်းနှင့် ထိုသို့ဆန္ဒရှိပါက နီးစပ်ရာတပ်စခန်းများ၊ ဒေသအာဏာပိုင်များထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**တီးတိန် ဇူလိုင် ၄**

ချင်းပြည်နယ် တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက "မြန်မာအမျိုးသမီးများနေ့" သီချင်းသီဆိုကြပြီး တီးတိန်ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်အရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာပေပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကာ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော video clip ကို ပြသသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန့်နှင့်အဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုးမို



# (၃၇)ကြိမ်မြောက် ထိုင်း - မြန်မာ ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကျင်းပပြုလုပ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ်ရုံး၊ စစ်ဦးစီးအရာရှိချုပ်နှင့် အမျိုးသားကာကွယ်မှုလေ့လာရေးတက္ကသိုလ် ကျောင်းအုပ်ကြီးတို့အားတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၃၇) ကြိမ်မြောက် ထိုင်း – မြန်မာ ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ချင်းမိုင်မြို့ရှိ Green Lake Resort ၌ ပြုလုပ်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Kittipong Jamsuwan နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Lt. Gen. Kittipong Jamsuwan တို့သည် အမှာစကားပြောကြားကြပြီး နှစ်နိုင်ငံအဖွဲ့ဝင်များက အပြန်အလှန် မိတ်ဆက်ကြသည်။ ထို့နောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး အပြန်အလှန်နှုတ်ဆက်ကြသည်။

အဆိုပါ (၃၇)ကြိမ်မြောက် မြန်မာ – ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးတွင် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Lt. Gen. Kittipong Jamsuwan က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းယဉ်ကျေးမှုအဖွဲ့များက ရိုးရာအဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ညစာစားပွဲအပြီးတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ကြသည်။

အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် Green Lake Resort ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များက (၃၇)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကာ အမှာစကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များသည် နှစ်နိုင်ငံအထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြပြီး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းမိုင်မြို့မှ မြန်မာ့တပ်မတော်လေယာဉ်ဖြင့် ဗန်ကောက်မြို့သို့ရောက်ရှိပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ စစ်ဦးစီးအရာရှိချုပ် Gen. Thongchai rodyoi နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး အမျိုးသားကာကွယ်မှုလေ့လာရေးတက္ကသိုလ် ကျောင်းအုပ်ကြီး Gen. Pongtep Gaewchaiyo တို့အား သီးခြားစီတွေ့ဆုံသည်။ တွေ့ဆုံစဉ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများတွင် ထိုင်းနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံကောင်းပီသစွာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အလျင်အမြန်ကူညီဆောင်ရွက်ပေးခဲ့မှုများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် (၃၇) ကြိမ်မြောက် ထိုင်း-မြန်မာ ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးကျင်းပဆောင်ရွက်ခဲ့ခြင်းဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးပြောကြားသည်။ ထို့နောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ချစ်ကြည်ရင်းနှီးစွာ မိတ်ဆက်၍ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။

(၃၇) ကြိမ်မြောက် ထိုင်း – မြန်မာ ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့များသည် ထိုင်းနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ချင်းမိုင်မြို့ရှိ Wat Pa Dara Phirom Phra Aram Laung ဘုရားသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုခြင်း၊ Queen Sirikit Botanic Garden နှင့် Central Festival Chiang Mai Shopping Mall တို့သို့ သွားရောက်လည်ပတ်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်တွင်း၊ ပြည်ပ သတင်းသမားများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ရှင်းလင်း

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်းသည့် သိရှိစရာအကြောင်းအရာများကို ပြည်တွင်း၊ ပြည်ပ သတင်းသမားများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းနှင့်မဲပေးပုံ၊ မဲပေးနည်း၊ ယခင်အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်အားနည်းချက်နှင့် ယခုမဲပေးစက် အသုံးပြုခြင်းကြောင့် အားသာချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ သရုပ်ပြရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာက အီလက်ထရောနစ် မဲပေးစက်များကို ကြည့်ရှုလေ့လာပြီး ကိုယ်တိုင်စမ်းသပ်မဲပေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ ပြည်တွင်း၊ ပြည်ပ သတင်းသမား စုစုပေါင်း ၆၀ ကျော် တက်ရောက်ခဲ့ကြသည်။

**KMKD**

# မလှိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မလှိုင် ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အမှတ် (၁) ရပ်ကွက် မူလွန်(ရပ်-၁) ကျောင်း၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ဇူလိုင် ၃ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ စိုက်ပျိုးမည့်သစ်ပင်များ ပေးအပ်ခဲ့ပြီး တက်ရောက် လာကြသူများက ကျွန်း ၁၀ ပင်၊ မဲဇလီ ပင် ၆၀၊ ကုက္ကိုပင် ပင် ၆၀၊ တမာပင် ပင် ၆၀၊ မန်ကျည်းပင် ၆၀၊ စိန်ပန်းပင် ၆၀ စုစုပေါင်း ၃၁၀ တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။



**မြထွန်း(မလှိုင်)**

◆ *ကျောဖုံးမှ*

ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း သတင်းရရှိမှု ၆၇ ကြိမ် ရရှိခဲ့ပြီး သတင်းမှား လေးကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှုသတင်းမှန် ၆၁ ကြိမ် ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၁၀၀ မှ ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၇ မျိုးအပါအဝင် ဖမ်းဆီးရမိမှုခန့်မှန်းတန်ဖိုးကျပ် ၄၆၉၆ ဒသမ ၉၂၈ သန်း နှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ် ဇွန်အတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိ ပြည်သူများကိုလည်း ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးကျပ် ၄၆၉၆ ဒသမ ၉၂၈ သန်း၏ ၂၀ ရာခိုင်နှုန်း ဖြစ်သော ငွေကျပ်၉၃၉ ဒသမ ၃၈၅ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း – ၀၉၄၀၄၃၃၉၆၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်–၀၆၇–၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo @gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဟာမုနိဘုရားကြီး ဂန္ဓကုဋီကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက မဟာမုနိဘုရားကြီး ဂန္ဓကုဋီကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုများ၊ မြစ်ငယ် - ထုံးဘိုတိုးဂိတ် မန္တလေးမြို့အဝင်လမ်းမကြီးအား ဆေးကြောသန့်ရှင်းခြင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ ရောက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုနေမှု၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဂန္ဓကုဋီကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုပြီး(ယာပုံ)တာဝန်ရှိသူများအား ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ မြစ်ငယ် - ထုံးဘိုတိုးဂိတ်သို့ ရောက်ရှိပြီး မန္တလေးမြို့ဝင် ရန်ကုန် - မန္တလေးလမ်းဟောင်း မြစ်ငယ် - ထုံးဘိုတိုးဂိတ်မှ မြစ်ငယ်တံတားထိပ်အထိ လမ်းမကြီးနှင့် လမ်းလယ်ကျွန်းများအား ဆေးကြောသန့်ရှင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြအမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်ဂုဏ်ပြုမဂ္ဂဇင်း၊ အမှတ်တရပစ္စည်းများရောင်းချခြင်းနှင့် သမိုင်းမှတ်တမ်း ဓာတ်ပုံများ၊ ပန်းချီကားများပြသခြင်း အခမ်းအနားကို မန္တလေးတက္ကသိုလ်ရှိ ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် မန္တလေးဥပစာကောလိပ်အဖြစ် သန္ဓေတည်ဖွင့်လှစ်ခဲ့သည့်သမိုင်းဝင်အုတ်တိုက်နီအဆောက်အအုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ကျင်းပရေးကော်မတီမှ ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုမဂ္ဂဇင်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းရောင်းချပေးနေမှုများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့် ပန်းချီကားများပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ပွဲတော်အတွက်လှူဒါန်းသည့် မြန်မာ - ဂျပန် စီးပွားရေးလုပ်ငန်းရှင်များအသင်းက လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ မန္တလေးတက္ကသိုလ် ကျောင်းသူဟောင်း ဒေါ်ခင်စောဦးမှ ဒုတိယအကြိမ် လှူဒါန်းငွေကျပ်သိန်း ၅၀ တို့ကို လက်ခံပြီး ဇူလိုင် ၄ ရက်တွင် ကျရောက်သည့် အမိတက္ကသိုလ် မွေးနေ့အထိမ်းအမှတ်ကိတ်အား ဆရာကြီးဆရာမကြီးများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့်အတူ လှီးဖြတ်ပေး၍ စတုဒိသာများဖြင့် ဧည့်ခံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အကြိုဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

မန္တလေး ဇူလိုင် ၄

**မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် အကြိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးတက္ကသိုလ် အင်ဂျင်နီယာအဆောက်အအုံရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



ဦးတင်မောင်



ဒေါက်တာသီတာဝင်း



ဒေါ်ခင်စောဦး



ဒေါ်ခင်မြမြ

မန္တလေးတက္ကသိုလ်ကို ၁၉၂၅ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ်(၁၀၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် အငြိမ်းစားဆရာကြီး/ဆရာမကြီးများ၊ မန္တလေးမြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းထားသည့်မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့် ကျင်းပရေးကော်မတီမှ ဦးဆောင်၍ အကြိုဂုဏ်ပြုပွဲ အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ကျင်းပရေးကော်မတီနာယက အငြိမ်းစားပါမောက္ခ ဦးတင်မောင်က “ကျွန်တော်တို့အနေနဲ့ မန္တလေးတက္ကသိုလ်ကြီး နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပဖို့ အကောင်အထည်ဖော်ခဲ့တာက ဇန်နဝါရီလကတည်းက စတင်ခဲ့တာပါ။ ဒီကြားထဲမှာ အစည်းအဝေးတွေကို လည်း လေးကြိမ်လောက် လုပ်ခဲ့ပါတယ်။ ဒီလို အစည်းအဝေးတွေလုပ်ပြီး မန္တလေးတက္ကသိုလ်မှာ နှစ်(၁၀၀)ပြည့် အခမ်းအနားပြုလုပ်မယ် ဆိုပြီး အားလုံးက ဆန္ဒပြုခဲ့ကြပါတယ်။ ဒါကြောင့် ဒီနေ့မှာတော့ အကြိုဂုဏ်ပြုပွဲ စတင်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နာယကတစ်ယောက်အနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ ကျွန်တော်တို့ရဲ့ မိတ်ဟောင်းဆွေဟောင်းတွေကို ပြန်လည်ဆုံတွေ့ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ကျွန်တော်ဆို အသက် ၈၀ ကျော်ပါပြီ။ သို့သော် မန္တလေးတက္ကသိုလ်ဆိုတဲ့ သံယောဇဉ်နဲ့ အတတ်နိုင်ဆုံး ထဲထဲဝင်ဝင် ဆောင်ရွက်နေပါတယ်။ ဒီပွဲကြီးဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြတဲ့ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူဟောင်းများနဲ့ ဆရာကြီး ဆရာမကြီးတွေ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်” ဟုပြောသည်။

အဆိုပါ အကြိုဂုဏ်ပြုပွဲ အခမ်းအနားတွင် ရာပြည့်ဂုဏ်ပြုမဂ္ဂဇင်းနှင့် အမှတ်တရပစ္စည်းများ ရောင်းချခြင်း၊ သမိုင်းမှတ်တမ်းဓာတ်ပုံ၊ ပန်းချီများခင်းကျင်းပြသခြင်း၊ စတုဒိသာကျွေးမွေးဧည့်ခံခြင်းနှင့် အထိမ်းအမှတ်ကိတ်ခွဲခြင်းအစီအစဉ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မန္တလေးတက္ကသိုလ်နှစ် (၁၀၀)ပြည့်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာသီတာဝင်းက “တက္ကသိုလ် နှစ် (၁၀၀)ပြည့် အကြိုအခမ်းအနားကို မန္တလေးတက္ကသိုလ်ထဲမှာပဲကျင်းပခွင့်ရတဲ့အတွက် အလွန်ကို ဝမ်းသာမိပါတယ်။ အောက်တိုဘာလမှာ တက္ကသိုလ် ရာပြည့်ပွဲကြီးလည်း ရှိပါတယ်။ အဓိက ကတော့ မန္တလေးမြို့ပေါ်မှာရှိတဲ့ ဆရာကြီး ဆရာမကြီးတွေ၊ ကျောင်းသား ကျောင်းသူဟောင်းတွေကတော့ ဒီနေ့ပွဲကို လာနိုင်ကြမှာပါ။ အဝေးရောက်နေတဲ့ သူတွေအားလုံးလည်း လာနိုင်ကြမယ်လို့ မျှော်လင့်မိပါတယ်။ အခုပွဲမှာတော့ မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေတဲ့ မဂ္ဂဇင်းစာအုပ်နဲ့ အမှတ်တရပစ္စည်းတွေ ရောင်းချပေးမယ်။ စတုဒိသာ ၁၀ မျိုးလောက် ကျွေးမွေးပါမယ်။ ဒါကြောင့် တက်တက်ကြွကြွနဲ့ ပါဝင်အားဖြည့်ပေးကြတဲ့သူတွေ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်” ဟု ပြောသည်။

မန္တလေးတက္ကသိုလ် ကျောင်းသူဟောင်း ဒေါ်ခင်စောဦးက “တက္ကသိုလ်ရာပြည့် အကြိုပွဲတော်မှာတော့ စတုဒိသာကို စုံစုံလင်လင်ဖြစ်အောင် စီစဉ်ထားပါတယ်။ ကျွန်မတို့ တစ်သက်မှာ နှစ်(၁၀၀)ပြည့်ဖို့ဆိုတာ နောက်တစ်ကြိမ်မလွယ်ပါဘူး။ ပွဲတော်မှာ သူငယ်ချင်းတွေ၊ ဆရာကြီး ဆရာကြီးတွေကို စုံစုံလင်လင်တွေ့ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ အခု မလာနိုင်ခဲ့တဲ့ သူတွေကိုလည်း ရာပြည့်ပွဲကြီးကျင်းပရင် လာခဲ့ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ နောက်ပြီး အခုလို အကြိုပွဲတော်ကို မန္တလေးတက္ကသိုလ်ထဲမှာ လုပ်ခွင့်ပေးတဲ့အတွက် အလွန်ကိုလည်း ကျေးဇူးတင်ရှိပါတယ်”ဟု ပြောသည်။

မန္တလေးတက္ကသိုလ် ပါမောက္ခ (အငြိမ်းစား) ဒေါ်ခင်မြမြ က “ကျွန်မအသက် ၈၀ ကျော်ပါပြီ။ မန္တလေးတက္ကသိုလ်ကို စတက်တော့ အသက် ၁၆ နှစ်ပဲရှိပါသေးတယ်။ အသက် ၂၀ မှာ ဆရာမဖြစ်နေပါပြီ။ ဒီကျောင်းမှာပဲ စာသင်ပေးခဲ့တာပါ။ ဒါကြောင့် တက္ကသိုလ်ကြီး နှစ်(၁၀၀)ပြည့်ပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ပျော်လွန်းလို့ အိပ်တောင်မပျော်ပါဘူး။ ကိုယ်သင်ခဲ့ရတဲ့ စာသင်ခန်းထဲမှာ ပွဲတော်ကြီးကို ကျင်းပတဲ့အတွက် ပိုပြီးထူးခြားပါတယ်။ ပြန်ငယ်သွားသလိုပဲခံစားရတယ်။ အခုလို ကျင်းပခွင့်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်” ဟု ပြောသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့ပေါ်သာမက နယ်ဝေးမှ မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၊ ဆရာကြီး ဆရာမကြီးများ စုံစုံလင်လင် တက်ရောက်ခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ခေတ်အဆက်ဆက် တက္ကသိုလ်ကြီး၏ လွမ်းမောဖွယ်အချိန်ကာလတစ်ခုကို ပြန်ပြောင်းအောက်မေ့ကြကာ တစ်သက်တွင် တစ်ခါသာ ကြုံတွေ့နိုင်သည့် တက္ကသိုလ်ရာပြည့်အကြိုပွဲအခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကယ်လီဖိုးနီးယား၌ တောမီးလောင်မှုမှာတစ်ညအတွင်း ၅၂၅၉၃ ဧက ကျော်ပျံ့နှံ့

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၄**

ကယ်လီဖိုးနီးယား အလယ်ပိုင်း၌ တောမီးလောင်မှုသည် ဇူလိုင် ၃ ရက်အထိ ပျံ့နှံ့လျက်ရှိပြီး တောမီးလောင်မှု ကြီးထွားလာသည့်အတွက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းများနှင့် အဝေးပြေးလမ်းမကြီးကို တစ်စိတ်တစ်ပိုင်း ပိတ်ထားခြင်းတို့ ပြုလုပ်ခဲ့ရသည်။



စိန့်လူးဝစ် အိုဘစ်ပိုဒေသတွင် ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက တောမီးစတင်လောင်ခဲ့ပြီး ဇူလိုင် ၃ ရက် ညနေပိုင်းအထိ ၅၂၅၉၃ ဧကအထိ ပျံ့နှံ့ခဲ့ပြီးဖြစ်ကာ ၅ ရာခိုင်နှုန်းကိုသာ မီးငြိမ်းသတ်နိုင်သေးသည်ဟု ကယ်လီဖိုးနီးယားသစ်တောနှင့် တောမီးကာကွယ်ရေးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။

ညလုံးပေါက် တောမီးဆက်လက် လောင်နေသည်ဟု ကယ်လီဖိုးနီးယား သစ်တောနှင့် တောမီးကာကွယ်ရေးဌာန၏ ဖော်ပြချက်အရ သိရသည်။ ယခုလောင်နေသည့်တောမီးမှာ ယခုနှစ်အတွင်း ကယ်လီဖိုးနီးယားပြည်နယ်၌ အကြီးဆုံးတောမီးဖြစ်သည်ဟု ဖော်ပြထားသည်။

ခရိုင်အတွင်း အဝေးပြေးလမ်းမကြီး ၁၆၆ အနီးတွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ထားပြီး အဝေးပြေးလမ်းမကြီး တစ်စိတ်တစ်ပိုင်းကိုလည်း ပိတ်ထားသည်။ တောမီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းကိုစုံစမ်းနေဆဲဖြစ်သည်။

ဆင်ဟွာ

## ဇွန်လအတွင်း ဂျာမနီနိုင်ငံ၌ တက်စလာကုမ္ပဏီ၏ ကားရောင်းချမှု ၆၀ ရာခိုင်နှုန်း ကျဆင်း

**ဘာလင် ဇူလိုင် ၄**

ဂျာမနီနိုင်ငံ၌ ဇွန်လအတွင်း တက်စလာကုမ္ပဏီ၏ ကားရောင်းချရမှုမှာ လျှပ်စစ်ကားမှတ်ပုံတင်မှု မြင့်မားလာသော်လည်း ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ရောင်းအား ၆၀ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဂျာမနီနိုင်ငံ၏ မော်တော်ကားအာဏာပိုင်အဖွဲ့(ကေဘီအေ)၏ ဇူလိုင် ၃ ရက်ထုတ်ပြန်ချက်အရ သိရသည်။

ဇွန်လအတွင်း အမေရိကန် လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် တက်စလာသည် ကားအစီးရေ ၁၈၆၀ ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ရောင်းအားမှာ ၄၆၄၅ စီး ကျဆင်းသွားသည်။

၂၀၂၅ ပထမနှစ်ဝက်ကာလအတွင်း ဂျာမနီနိုင်ငံ၌ တက်စလာ၏ ကားရောင်းချရမှုမှာ ၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ဆန့်ကျင်ဘက်အားဖြင့် နိုင်ငံအတွင်း လျှပ်စစ်ကားမှတ်ပုံတင်မှုမှာ ဇွန်လအတွင်း ၈ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ကေဘီအေ၏ အချက်အလက်များအရ သိရသည်။




တက်စလာသည် ဥရောပရှိ ပြိုင်ဘက်များကို ဆက်လက်ရှုံးနိမ့်နေသည့်အတွက် ယခုလို ရောင်းအားကျဆင်းလာခြင်း ဖြစ်သည်။ ဇွန်လအတွင်း တက်စလာ၏ ကားရောင်းအားကျဆင်းမှုမှာ ပြင်သစ်၊ ဆွီဒင်၊ ဒိန်းမတ်နှင့် အီတလီနိုင်ငံတို့တွင် ခြောက်လဆက်တိုက် ရောင်းအား ကျဆင်းလာခြင်းလည်းဖြစ်သည်။ ပြိုင်ဘက်ကုမ္ပဏီများ၏ ကားမော်ဒယ်အသစ်များ မိတ်ဆက်လာမှုကြောင့်လည်း ယခုလို သက်ရောက်မှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံ၌ လူနေအဆောက်အအုံပြိုကျမှုဖြစ်ပွားသဖြင့် ခုနစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇူလိုင် ၄**

ပါကစ္စတန်နိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိ၌ ဇူလိုင် ၄ ရက်တွင် ငါးထပ် လူနေအဆောက်အအုံတစ်လုံးပြိုကျမှု ဖြစ်ပွားသဖြင့် ခုနစ်ဦး သေဆုံးပြီး ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ရဲအရာရှိများက ပြောကြားသည်။

ကရာချိမြို့ Lyari ဒေသ၌ အဆောက်အအုံပြိုကျမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအောက်တွင် လူ ၃၀ ကျော် ပိတ်မိခဲ့ကြောင်း၊ ကျန်ရှိနေသူများကို ပြန်လည်ရှာဖွေရန်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်း ရဲအရာရှိများက ဆင်ဟွာသို့ ပြောကြားသည်။

အဆောက်အအုံ၏ အပျက်အစီးများကို ဖယ်ရှားရန်အတွက် စက်ယန္တရားကြီးများကို အသုံးပြုခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆောက်အအုံ ပြိုကျမှုဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူများကို ဒေသဆိုင်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အများအပြားမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် အဆင့်မြင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ကရာချိမြို့ အဆောက်အအုံပြိုကျသည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

## လာမည့်သီတင်းပတ်အတွင်း အမေရိကန် - အီရန် တိုက်ရိုက်ဆွေးနွေးပွဲဖြစ်လာရန် စီစဉ်ဖွယ်ရှိ

**ဟူစတန် ဇူလိုင် ၄**

အိမ်ဖြူတော် သံတမန် စတိဗ်ဝတ်ကော့ဖ် သည် နျူကလီးယားဆွေးနွေးပွဲပြန်လည်စတင်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရက်ချီနှင့် လာမည့်သီတင်းပတ်အတွင်း အော့စလိုမြို့၌တွေ့ဆုံရန် စီစဉ်လျက်ရှိသည်ဟု အမေရိကန်အွန်လိုင်းမီဒီယာဖြစ်သည့် အက်စီယိုတွင် ဇူလိုင် ၃ ရက်က ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန် နှစ်နိုင်ငံစလုံးက ဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲပြုလုပ်မည့်ရက်ကို လူသိရှင်ကြား အတည်ပြုပြောကြားခဲ့ခြင်း မရှိကြောင်း အဆိုပါမီဒီယာတွင် ဖော်ပြထားသည်။ ယခုအချိန်တွင် ခရီးသွားလာမှုနှင့်ပတ်သက်၍ ကြေညာစရာမရှိဟု အိမ်ဖြူတော်အရာရှိတစ်ဦးက အက်စီယိုသို့ ပြောသည်။

**ပထမဆုံးအကြိမ်အဖြစ်
တိုက်ရိုက်ဆွေးနွေးပွဲဖြစ်လာမည်**

အကယ်၍ ဆွေးနွေးပွဲဖြစ်လာခဲ့လျှင်လည်း မကြာသေးခင်က ဖြစ်ပွားခဲ့သည့် ပဋိပက္ခများပြီးနောက် ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ဆွေးနွေးပွဲဖြစ်လာမည်ဖြစ်သည်။

စီဘီအက်စ်နယူးနှင့် အင်တာဗျူးတွင် အီရန်နိုင်ငံခြားရေးဝန်ကြီးက အီရန်နိုင်ငံအနေဖြင့် အမေရိကန်နှင့်ဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေး ဆုံးဖြတ်ချက်ချရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဆင်ဟွာ




## ဂျပန်နိုင်ငံရှိ ငလျင်လှုပ်ခတ်ခဲ့သည့်ကျွန်းမှ ဒေသခံများ ဘေးလွတ်ရာသို့ပြောင်းရွှေ့

**တိုကျို ဇူလိုင် ၄**

ဂျပန်နိုင်ငံ၌ ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် တိုရှီးမားကျေးရွာမှ ဒေသခံများသည် သင်္ဘောဖြင့် ထွက်ခွာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကျွန်းငယ်တစ်ခုမှ ဘေးလွတ်ရာ သို့ ပြောင်းရွှေ့သူများသည် ကျူရှူး၏ အနောက်တောင်ပိုင်းဒေသရှိ ပြည်နယ်၏မြို့တော်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

တိုရှီးမားကျေးရွာ အာကုဆဲခိဂျီးမားကျွန်းမှ ဒေသခံ ၁၃ ဦးကို တင်ဆောင်လာသည့် ဖယ်ရီတစ်စင်းသည် ကျွန်းမှထွက်ခွာလာပြီးနောက် ၁၁ နာရီခန့် အကြာ ဇူလိုင် ၄ ရက် ညနေ ၆ နာရီမတိုင်မီ ကာဂိုရှီးမားဆိပ်ကမ်းမြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဘေးလွတ်ရာပြောင်းရွှေ့သူများသည် ဟိုတယ်တစ်လုံး သို့မဟုတ် ဆွေမျိုးများ၏နေအိမ်တွင် နေထိုင်ဖွယ်ရှိကြောင်း သိရသည်။

**အခြားဖယ်ရီဝန်ဆောင်မှုကိုလည်း စီစဉ်ထား**

ယင်းပြောင်းရွှေ့မှုမှာ သီတင်းပတ် တစ်ပတ်ခန့်ကြာမြင့်ရန် ခန့်မှန်းထားသော်လည်း အခြေအနေပေါ်မူတည်၍ အချိန်ပိုမိုကြာမြင့်မည်ဟုလည်း ယူဆနိုင်ကြောင်း ကျေးရွာတာဝန်ရှိသူများက ပြောကြားသည်။ ပြောင်းရွှေ့လိုသည့် ဒေသခံများအတွက် ဇူလိုင် ၇ ရက်တွင် အခြားဖယ်ရီဝန်ဆောင်မှုကိုလည်း စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဇွန် ၂၁ ရက်မှစကာ ဂျပန်နိုင်ငံ အာကုဆဲခိဂျီးမားကျွန်းအနီးတစ်ဝိုက် ငလျင်လှုပ်ခတ်မှုများ မြင့်တက်လာကြောင်း သိရသည်။

**ငလျင်များ ထပ်မံလှုပ်ခတ်**

အဆင့် ၆ အောက် ငလျင်များ ထပ်မံလှုပ်ခတ်နိုင်သည့်အတွက် သတိရှိရန်နှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်သည့်မိုး ရွာသွန်းနိုင်ကြောင်း ဒေသခံများကို အာဏာပိုင်များက သတိပေးတိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဟိုပုံးတပ်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂)မှ သင်တန်းသားများအတွက် ချီးမြှင့်ငွေ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၄

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေး



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်တို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းဆင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်း ကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)မှ သင်တန်းသားများကို ကွဲခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်လျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(Teamwork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။










ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်။

၁။ နိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံ့တာဝန် ကျေပွန်ချင်တာလည်းပါတယ်။ တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ ဆူပူသောင်းကျန်းမှုတွေကို နိုင်ငံသားတစ်ယောက်အနေနဲ့ တစ်ဖက်တစ်လမ်းကနေပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရှင်းလင်းပြီးတော့ ကူညီချင်ပါတယ်။ နောင်လာမယ့် ပြည်သူ့စစ်မှုထမ်းတွေကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီသင်တန်းကို ကိုယ်ကိုယ်တိုင်လာတက်ကြည့်မှ ဒီသင်တန်းက ဘယ်လိုသင်ကြားတယ်၊ ကိုယ့်အတွက် ဘယ်လိုကောင်းမွန်တဲ့ ရလဒ်တွေရတယ်ဆိုတာ သိရှိသွားမှာပါ။ အပြင်မှာကြားနေတဲ့ ကောလာဟလတွေ ယုံကြည်ပြီးတော့ စိတ်ထဲမှာ မဝံ့မရဲမဖြစ်ဖို့ ကျွန်တော် အကြံပြုချင်ပါတယ်။ ကိုယ်ကိုယ်တိုင် လာကြည့်မှပဲ အဆင်ပြေမှာပါလို့ ပြောချင်ပါတယ်။

၂။ ဒီသင်တန်းကနေ သင်ကြားပို့ချပေးသွားတဲ့ သင်ခန်းစာတွေကို နိုင်ငံရဲ့ တစ်ထောင့်တစ်နေရာကနေ အတတ်နိုင်ဆုံး ထမ်းဆောင်သွားပါမယ်။ နောက်ထပ် ပြည်သူ့စစ်မှုထမ်း သင်တန်းတတ်မယ့် ညီငယ်တွေအတွက်ကိုလည်း လာခဲ့ပါ။ ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။ ဒီသင်တန်းဟာ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေ ကြံ့ခိုင်မှုရှိတဲ့ ယောကျ်ားတွေဖြစ်အောင် လေ့ကျင့် သင်ကြားပေးတဲ့ သင်တန်းဖြစ်တယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကိုလည်း ကြိုဆိုပါတယ်။

၃။ ဒီယူနီဖောင်းတွေ ဝတ်ထားပြီး တပ်မတော်က သင်ကြားပေးခဲ့တဲ့ စစ်စည်းကမ်းမှန်သမျှက ကျွန်တော်တို့အတွက် တန်ဖိုးရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီစည်းကမ်းကိုတော့ ဘယ်လိုမှ ဖောက်ဖျက်လို့ မရဘူးဆိုတာတော့ ကျွန်တော်တို့ ခံယူထားပါတယ်။ အစစအရာရာမှာ စည်းကမ်းတကျနဲ့ နေထိုင်မှုဟာ ကျွန်တော်တို့အတွက် တန်ဖိုးရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဂုဏ်ယူမိပါတယ်။ ယောကျ်ားတိုင်းလည်း စစ်သားမဖြစ်ဘူးဆိုတဲ့စကားကို ကျွန်တော်တို့ ဒီစကားကို အမြဲတမ်းကြားဖူးနားဝရှိပါတယ်။ ယောကျ်ားတိုင်းလည်း ယူနီဖောင်းဝတ်လို့မရဘူး။ ဒါပေမယ့် ကျွန်တော်တို့ အဲဒီအချိန်မှာ ယူနီဖောင်းဝတ်ခွင့်ရတယ်။ ကိုယ့်တိုင်းပြည်အတွက်ကို ကာကွယ်ခွင့် ရတယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။ ကျွန်တော် တပ်မတော်သားတစ်ယောက်အနေနဲ့ကတော့ ခံယူချက် အပြည့်အဝရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ နဂိုဆုံးဖြတ်ချက်က စပြီးလာကတည်းကလည်း ပြည်သူ့စစ်မှုထမ်းမှ မဟုတ်ပါဘူး။ ကျွန်တော် ရာသက်ပန် အမြဲတမ်းစစ်မှုထမ်းဖို့ အထိကို ဆုံးဖြတ်ချက်ချထားတဲ့ စိတ်ကူးနဲ့ ဝင်လာတာပဲဖြစ်ပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၂)မှ နိုင်ငံ့သားကောင်း စစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ငလျင်ဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

မန္တလေး ငလျင်ကြီးကြောင့် ပျက်စီးသွားသော ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ငလျင်ဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက် (Recovery Plan) ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီး တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့ပေးမှုလုပ်ငန်းများကို ဆောင်ရွက်ပြီးသည်နှင့် ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက် ဆန်းစစ်လေ့လာမှုများကိုဆောင်ရွက်၍ ရရှိလာသည့် လေ့လာ တွေ့ရှိချက်များကို အခြေခံကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲဆောင်ရွက်လေ့ရှိကြပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆိုပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီက ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်ယူပြုစုပြီးဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်ကို မူလအခြေအနေထက် ပိုမိုကောင်းမွန်ပြီး အနာဂတ် ဘေးအန္တရာယ်များအတွက်ပါ ကြံ့ကြံ့ခံနိုင်သည့် လူ့အသိုက်အဝန်း ဖြစ်လာစေရေး ဦးတည်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာစံနှုန်းများ၊ ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်သော ပြန်လည်ထူထောင်ရေး စီမံချက်ဖြစ်စေရေး ရေးဆွဲ ဆောင်ရွက်ကြရန်လိုပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် လက်တွေ့ကျပြီး လိုအပ်မှုနှင့်ကိုက်ညီကာ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စီမံချက်တစ်ရပ် ပေါ်ပေါက်စေရေး ဘက်စုံထောင့်စုံက စဉ်းစားကာ ရေးဆွဲပြုစုကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က ပြန်လည်ထူထောင်ရေး စီမံချက် (Recovery Plan) ရေးဆွဲရာတွင် ကဏ္ဍတစ်ခုချင်းအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည့် အချက်များကို အကြံပြုဆွေးနွေးသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနအသီးသီးမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများ တက်ရောက်ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဝေဠုဝန်ငါးထပ်ကြီးဘုရား၊ ဘုရားဖြူစေတီ၊ မဟာစည်းခုံကြီးစေတီ၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်၊ မျိုးရင်ရင် သီလရှင်စာသင်တိုက်နှင့် မှန်ကူကျောင်းတိုက်တို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဆုတောင်းပြည့်စေတီတော်ရှိ ထိခိုက်ပျက်စီးခဲ့သော ဘုရားရင်ပြင်တော် ပြန်လည်ပြုပြင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဘုရားဖြူစေတီနှင့် ကောင်းမှုတော်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်နှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများကို ဘက်စုံပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဇေယျာသို့ သွားရောက်ကာ ပညာရေးဝန်ထမ်းများနေထိုင်မည့် Modular House များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ရတနာပုံရပ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားရင်ပြင်တော် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို လည်းကောင်း၊ ဂန္ဓကုဋိတိုက်ရှိ အမိုး၊ တိုင်၊ ခုံးနေရာများအား ပိုမိုခိုင်ခံ့အောင် သံချောင်းများအစားထိုး၍ ရေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ စေတီတော်၏ ထီးတော်ပြန်လည်တည့်မတ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြွေကြီးနှစ်ကောင်ဘုရားရှိ မြေထိန်းနံရံပြုပြင်နေမှုများကို ကြည့်ရှုပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ ပြန်လည်ပြုပြင်ပြီးစီးသွားသည့် ဓာတ်လှေကားအား ဘုရားဖူးပြည်သူများ အသုံးပြုနိုင်ရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းအမွေအနှစ်လက်ရာများဖြစ်သည့်အတွက် စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားမှုများ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဇူလိုင် ၁ ရက်က မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ လှည်းကူးမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ”ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အေးအေးနွဲ့(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အခွန်ဦးစီးဌာနရုံး၌ ဇွန် ၂၉ ရက်က အခွန်ပညာပေးရှင်းလင်းပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဌေးက အခွန်ဆိုင်ရာများ ဟောပြောဆွေးနွေးပေးစဉ်။ ဇော်ဘိ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁၅၀ | SHWE KHAING BUSINESS GROUP COMPANY LIMITED. | Daw Htet Htet Soe<br>U Khaing Linn Thu<br>Daw Khin Thida Aung | Thanthumar Road, 642 Ward 10/ South Okkalapa Township, Yangon Kabaraye Pagoda Road, B-604 Sayar San Quarter/ Bahan Township, Yangon | 12/OUKATA(N)154482<br>12/SAKHANA(N)062669<br>6/THAYAKHA(N)000026 |
| ၁၅၁ | SHWE NAUN MONN COMPANY LIMITED. | Daw Nang Kham Lao Laing<br>U Sai Tun Tin | Near Pyi Htaung Su Road, No. (F/2-3), Mansu Shop House 3RD Floor Ward (8), Larshio Township, Shan State | 13/LAYANA(N)108675<br>13/LAYANA(N)038450 |
| ၁၅၂ | SHWE PYAE HEIN SHAN COMPANY LIMITED. | U Htun Min<br>U Htut Aung Wai<br>U Myo Min Hein | (39) Street,, No. (115), 4th Floor, (8) Ward, Kyauktada Township, Yangon | 12/MAYAKA(N)150736<br>12/MAGADA(N)146555<br>12/OUKATA(N)153338 |
| ၁၅၃ | SHWE SATKYAR WIN MINING COMPANY LIMITED | Daw Nan Si Win<br>Mr. OPAS YANSOMBOON<br>Mr. SURIYASAK BUNTITAWAT<br>U Sai Sam Tit | Between 13th Street & Phone Gyi Street, Strant Road, No. (514), (7) Floor, Lanmataw Township, Yangon | 13/TAKHALA(N)004807<br>AB2443553<br>AA7559032<br>13/TAKHALA(N)039489 |
| ၁၅၄ | SHWE SOE MOE TRADING COMPANY LIMITED. | Daw War War Moe<br>U Hla Moe | Sakawar Street, Industrial Zone No. (L-5/6/10/11), Mandalay,, Mandalay Nweyone Village, Shwetharaphu Quarter, Sint Ku Township, Mandalay | 8/YANAKHA(N)007677<br>8/YASAKA(N)000077 |
| ၁၅၅ | SHWE THARABAR COMPANY LIMITED. | U Maung Maung Moe Kyaw Se | Si Pin Thar Yar Street, Parami Avenue, No. (5) (9) Ward, Mayangone, Yangon | 9/MALANA(N)084955 |
| ၁၅၆ | SHWE YATI SAN COMPANY LIMITED. | U San Yu<br>U Thet Min Htut | The Phyu Chaung Village, No. (185), Htan Pin Chaung Village Group, Inntakaw Township, Bago | 11/SATANA(N)003174<br>14/HATHATA(N)224198 |
| ၁၅၇ | SHYANG JHUO YUE CO.,LTD. | Hung, CHI-SHEN<br>KO, LI-CHEN<br>LIU, PI-LIEN<br>OH, YU-MI<br>TSENG, RONG-SHI | Anawyahtar Industrial Zone, K-9 Hlaing Thar Yar Township, Yangon | 313860410<br>302802398<br>302398106<br>TR5583069<br>303942453 |
| ၁၅၈ | SOE PYAE KYAW COMPANY LIMITED. | U Aung Hsan Oo<br>U Nay Linn Htet<br>U Nyan Soe | Highway Bus Station, Room No. (E-10) Myaynigone Ward, Mawlamyaing Township, Mon State | 10/MALAMA(N)107295<br>10/MALAMA(N)242052<br>3/PAKANA(N)002321 |
| ၁၅၉ | SONO SMART LINK TECHNOLOGY (MYANMAR) CO.,LTD. | BAI SHA<br>HU SHENGQI<br>REN LIMING<br>ZHONG LEI | Myay Thaing Block No. (143/1), Unit # A-003, A-004, Plot No. 5 South Dagon Myo Thit Township, Yangon | E56586731<br>EF0540861<br>G55116732<br>G47750330 |
| ၁၆၀ | STELLA MARIS CORPORATION COMPANY LIMITED. | Daw Theint Zon Yale laing<br>PARK KISANG<br>U Soe Tin | Bohmu Ba Htoo Street, No. B/K,A1, Room No. 503, Bohmu Ba Htoo Housing Compiex Ward No. 48, North Dagon Township, Yangon | 12/LAKANA(N)215246<br>M31060516<br>14/NGAPATA(N)057759 |
| ၁၆၁ | SUN FOREST COMPANY LIMITED. | Daw Sharr Kyu | Tuumyaung Village,, Plot No. Ka Thaine Kwin, U Paing Lote Kwat (77), Yae Township, Yangon | 13/MASATA(N)032781 |
| ၁၆၂ | SUN HO FOOD COMPANY LIMITED. | CHOI YOUNG SOON<br>U Thet Paing Tun | Kan Oo Street, No;(398), Ground Floor (B) Lay Dauk Kan Quarter, Thingangyun Township, Yangon | M76221134<br>13/KALANA(N)108485 |
| ၁၆၃ | SUPER K STAR COMPANY LIMITED. | Daw Than Than Aye<br>Daw Thandar Myint<br>U Myint Thein | West Shwe Gone Daing Road, Room No.9F, 9th Floor, Dagon Tower, Yaetarshae Ward, Bahan Township, Yangon | 12/KAMATA(N)030811<br>12/MAYAKA(N)144799<br>12/KAMATA(N)030818 |
| ၁၆၄ | SWE ZIN HTUN COMPANY LIMITED. | Daw Swe Zin Saw @ Sarasu<br>U Saw Naing Aye<br>U Win Moe Oo | No. 62/68(B), (8) Floor, Shwe Bonthar Street, (6) Ward, Pabedan Township, Yangon | 8/KHAMANA(N)009964<br>12/OUKATA(PYU)000663<br>12/THAKATA(N)168670 |
| ၁၆၅ | SY-TECH COMPANY LIMITED. | Daw Khin Ohmar Myo | Min Ye Kyaw Swar Street, No (18), 14-Ward, Kyauk Gone, Yankin Township, Yangon | 12/OUKAMA(N)016910 |
| ၁၆၆ | TAOKAE (2019) COMPANY LIMITED. | U Saw Min Phone Oo | Hwayshan, No. (5/84) Myawaddy, Kayin State | 3/MAWATA(N)012666 |
| ၁၆၇ | TAW WIN 77 COMPANY LIMITED. | U Pyae Phyo Thu<br>U Sai Hom<br>U Sai Tun Tun Aung | Between (69x70) Street, Between (35x36) Street, No (39/39) Maharaungmyay Township, Mandalay Region | 9/MAHAMA(N)074108<br>9/MAHAMA(N)074109<br>13/LAYANA(N)003924 |
| ၁၆၈ | TAW WIN PAN KHWAR NYO COMPANY LIMITED. | Daw Ni Ni Lwin | 13th Street, (Lower Block), No. 33, 1-Floor (6) Quarter, Lanmadaw Township, Yangon | 14/PATANA(N)194100 |
| ၁၆၉ | THAN THAR LINN COMPANY LIMITED. | Daw Thidar Myat Mon<br>U Thet Wai Naing | U Aung Zay Ya Street,, No. (668), Ward No. (5), Myawaddy Township, Kayin State | 7/NYALAPA(N)104735<br>10/THAHTANA(N)110568 |
| ၁၇၀ | THE GAZILLION STAR TRADING COMPANY LIMITED. | U Ba Sein | Let Wel Min Din Street, No. 1200, 5th Floor Myittar Nyunt Ward, Tamwe, Yangon | 12/TAMANA(N)132201 |
| ၁၇၁ | THE SEA SMELL TRADING COMPANY LIMITED. | U Myo Ko Ko Oo<br>U Htut Htut Min | Block (63), No. (15), Nawaddy Market Inner Street, (6) Ward, Hlaing Thar Yar Township, Yangon | 7/KATAKHA(N)162277<br>14/AHGAPA(N)149833 |
| ၁၇၂ | THEIN AUNG HTUN COMPANY LIMITED | U Kyaw Thein<br>U Mu Too<br>U Saw Naing Aye | Than Lwin Street, No. (2728) / Industry Zone-2 (63) Quarter / South Dagon Township, Yangon | 10/PAMANA(N)064673<br>12/YAPATHA(PHU)000650<br>12/OUKATA(PHU)000663 |
| ၁၇၃ | THIT SAR SU SAN EXPORT COMPANY LIMITED. | Daw Thet Thet Oo | Yadanar Street, No-5 Michaungkan Part (3) Quarter, Thingangyun Township, Yangon | 12/YAKANA(N)072006 |
| ၁၇၄ | TIN HTAY INVESTMENT COMPANY LIMITED. | Daw Chaw Su Myint<br>GREGORY CHARLES KYAW NYEIN | No. 275, Pyaty Road, KBZ Tower, Room 12-AA, 13FL. Yangon, Sanchaung, Yangon | 13/LAYANA(N)000906<br>PA5138119 |
| ၁၇၅ | TLS & TRADING CO., LTD. | KO BYOUNG KWON<br>U Kyaw Win | Taw Win Street, Royal Thiri Condo, C-318, 9 Mile Ward-5, Mayangone Township, Yangon | M67043683<br>12/DAGANA(N)027209 |

ဆက်လက်ဖော်ပြပါမည်

# ကျောက်ဆည်တက္ကသိုလ်၌ တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာသင်တန်းဖွင့်

**စဉ့်ကိုင် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက်တွင် ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာစိမ်းညို့ညို့ကို (သင်တန်း) က သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားသည်။

ထို့နောက် သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာလဲ့လဲ့ထွန်းက ကျောင်းသားကျောင်းသူများအနေဖြင့် ဇီဝမျိုးကွဲများထိန်းသိမ်းရေး ဘာသာရပ်ကို အထောက်အကူပြုစေရန်နှင့် သင်တန်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သစ်တောဦးစီးဌာနမှ သင်တန်းနည်းပြဆရာ ဦးမျိုးနိုင်က တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာ အကြောင်းနှင့် ပတ်သက်သည့် သိကောင်းစရာများကို ပြောကြားသည်။



ယင်းနောက် သင်တန်းနည်းပြဆရာ ဦးမျိုးနိုင်နှင့် ဆရာဦးချစ်အောင်အေးတို့က သတ္တဗေဒဌာနမှ ပထမနှစ် မဟာသိပ္ပံသင်တန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ စတုတ္ထနှစ် ကျောင်းသားကျောင်းသူ ၁၄၅ ဦးအား ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

# မြို့သစ်မြို့နယ်၌ နွေစပါး (အောင်နိုင်တိုး) စံကွက်ရိတ်သိမ်း၊ တစ်ဧက ၁၆၅ တင်းခန့်ထွက်ရှိ

**မြို့သစ် ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် နဘဲကုန်းကျေးရွာအုပ်စု ကိုရံ(တ)ကျေးရွာ ကွင်းအမှတ်-၁၃၆၅ တောင်သူ ဦးမြင့်သိန်း စိုက်ပျိုးထားသော နွေစပါး(အောင်နိုင်တိုး) တစ်ဧက စိုက်ခင်း၌ ယနေ့နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငွေဆန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တောင်သူများ တက်ရောက်၍ကြည့်ရှုကာ တစ်ဧက စပါးအစိုထွက်နှုန်း ၁၆၅ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ၌ သမဝါယမအသင်းသားတောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်

**နမ့်စန် ဇူလိုင် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများထံသို့ သွင်းအားစုထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မိုင်းစိတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြသိန်း၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုနှင့် မိုင်းစိတ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းဥက္ကဋ္ဌတို့မှ မိုးစပါးစိုက်ပျိုးသော အသင်းသား တောင်သူ ၃၀၊ ဧက ၄၀၀ အတွက် မျိုးနှင့်ပုလဲမြေဩဇာသွင်းအားစုများ ပေးအပ်သည်။

**သူရအောင်(နမ့်စန်)**



# မိုင်းတုံမြို့နယ်၌ Box Culvert တစ်စင်း တည်ဆောက်ပေးမည်

**မိုင်းတုံ ဇူလိုင် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပိန်းမုံ - ဝမ်ပုံ လမ်းပေါ်တွင် Box Culvert တစ်စင်း တည်ဆောက်နိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးလွင်၊ မိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဦးပြည့်ဖြိုးဟန်၊ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)ဦးရဲကိုကို တို့နှင့်အတူ ပိန်းမုံ - ဝမ်ပုံ လမ်းပေါ်တွင် အရှည် ၂၄ ပေ၊ အကျယ် ငါးပေရှိ Box Culvert တစ်စင်း တည်ဆောက်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပိန်းမုံ - ဝမ်ပုံ လမ်းပေါ်တွင် Box Culvert တစ်စင်း တည်ဆောက်ခြင်းကို ပြည်ထောင်စု (ပြင်ဆင်ထိန်းသိမ်းရေး) ရန်ပုံငွေကျပ် ၁၃ ဒသမ ၀၅ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**



# မိုင်းဖြတ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး



**မိုင်းဖြတ် ဇူလိုင် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ဟောင်ဟင်-နမ့်ကုန်း-အင်ပါကူလမ်းနှင့် အိုက်လုံ-အိုက်ငို့လမ်းဘေးတို့တွင် စိုက်ပျိုးသည်။

ထိုသို့ စိုက်ပျိုးရာတွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၁ (မြို့ပြ) ဒေါ်စိမ်းစိုစိုဝေနှင့် ကျေးရွာနေပြည်သူများက ကျေးရွာများသို့ ဆက်သွယ် သွားလာသည့် လမ်းဘေးဝဲ/ယာများတွင် မဲဇလီ၊ မန်ကျည်းရှား စုစုပေါင်းပျိုးပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **သန်းထွန်းအေး(မိုင်းဖြတ်)**

# မင်းဘူး(စကု) မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လုပ်ငန်းများကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ကုန်းသာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ မင်းဘူးခရိုင် အမှတ်(၁၈) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူးဇော်လင်းသန့်နှင့် ဒုရဲအုပ် ဝေလင်းနိုင်တို့ ဦးဆောင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့



ဝင်များက ကွင်းဆင်းဆောင်ရွက်ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ထို့နောက် ဒုရဲအုပ် ဝေလင်းနိုင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကုန်းသာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# မင်းလှမြို့၌ ဆီထွက်သီးနှံ နှမ်းစိုက်ခင်းများတွင် သဘာဝရွက်ဖျန်းအားဆေးပက်ဖျန်းနေမှု ကြည့်ရှုစစ်ဆေး

**အထက်မင်းလှ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ညောင်ပင်သာကျေးရွာ နှမ်းစိုက်ခင်းများတွင် သဘာဝရွက်ဖျန်းအားဆေး ပက်ဖျန်းနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများသည် ယမန်နေ့ နံနက် ၉ နာရီခွဲက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညောင်ပင်သာကျေးရွာ တောင်သူ ဒေါ်အေးသင်း၏ ယာမြေ၌ ဆီထွက်သီးနှံ၊ နှမ်းစိုက်ပျိုးထားရှိမှုနှင့် သဘာဝရွက်ဖျန်းအားဆေး ပက်ဖျန်းနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး၊ ခရိုင်စိုက်ညှိအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ လိုက်ပါပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ တောင်သူများအား အီးအမ်အသင့်သုံးအားဆေးနှင့် ငါးအမိုင်နိုအက်စစ်အားဆေးများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ပဲခူး ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် ဇူလိုင် ၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ ကျိုက်ပွန် ဘုရားဝင်းအတွင်း၌ ၂၀၂၅ ခုနှစ် ဒုတိယ အကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အတွက် ပျိုးပင်များ ပေးအပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ နှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ခရေ၊ ငုဝါရွှေ၊ ပန်းပိတောက်၊ ပျဉ်းမ၊ မယ်ဇယ်၊ စိန်ပန်းနီ၊ စိန်ပန်းဝါ၊ စိန်ပန်းပြာ၊ စွယ်တော်နှင့် အာဆီယံ သပြေပင် စုစုပေါင်း ပျိုးပင် ၁၅၀၀ စိုက်ပျိုး ပေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က တက်ရောက် လာသည့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပဲခူးတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ များ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) ၏ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီခွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အလယ် အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုချိုဦးက တင်ဒါလေလံလုပ်ငန်းများ ဆောင်ရွက်သည့် အခါတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်ပေးဆောင်မှုများ ၊ အခွန် တွက်ချက်မှုများ၊ အခွန်ခုနှိမ်ပေးဆောင်မှုများနှင့် ဒဏ်ကြေးငွေပေး ဆောင်မှုများအား တည်ဆဲအခွန်ဥပဒေများနှင့်အညီ ဖြစ်စေရေးနှင့် ပတ်သက်၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေးရာ ကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၆၃ ဦး တက်ရောက်ကြကြောင်း သိရသည်။ ၂၂




# ကျောက်တန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများ ကွင်းဆင်းဆောင်ရွက်



**ကျောက်တန်း ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ဇူလိုင် ၄ ရက် မွန်းလွဲ ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောရွှေကျော်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ဦးဆောင်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီး ဌာနတို့ပူးပေါင်းပြီး ကျောက်တန်းမြို့နယ်အတွင်းရှိ “နိုင်ငံကြီးသား ပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း (ကျောက်တန်း)

# ကျောက်တံတားမြို့နယ်၌ မြန်မာအမျိုးသမီးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်း သိကောင်းစရာဟောပြော

**ကျောက်တံတား ဇူလိုင် ၄**

မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ် မြန်မာအမျိုးသမီးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် လက္ခဏာနှင့် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများ ထိန်းသိမ်းစောင့် ရှောက်ရေးအကြောင်း သိကောင်း စရာများဟောပြောပွဲ ဇူလိုင် ၂ ရက် က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အ.ထ.က (ကျောက်တံတား) စကားဝါခန်းမ ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပြည့်ပြည့်ဝန်းက အမှာစကား ပြောကြားပြီး စာရေးဆရာမ ညွန့်ညွန့်(ကလော)က မြန်မာ အမျိုးသမီးတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာ သိကောင်း စရာများကိုလည်းကောင်း၊ မြို့နယ် ပညာရေးမှူး ဒေါ်လှမေက မြန်မာ အမျိုးသမီးတို့၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုနှင့် ပတ်သက်၍လည်း ကောင်း ဟောပြောသည်။

ထို့နောက် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပြည့်ပြည့်



ဝန်းနှင့်တာဝန်ရှိသူများက စာရေး ဆရာမ ညွန့်ညွန့် (ကလော)နှင့် သရုပ်ဖော် ဖျော်ဖြေခဲ့ကြသည့် ကျောင်းသူများကို ဂုဏ်ပြုဆု ငွေများ ချီးမြှင့်ကြသည်။

မြို့နယ်(ပြန်/ဆက်)

# သထုံမြို့နယ်၌ ဆန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**သထုံ ဇူလိုင် ၄**

မွန်ပြည်နယ် သထုံမြို့နယ်တွင် (၁၀၃) နှစ်မြောက် အပြည်ပြည် ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်သမဝါယမ အသင်းစုမှ အသင်းသူ အသင်းသားများအား ဇွန် ၄ ရက် နံနက်ပိုင်းမှ စတင်ကာ ဆန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် သထုံမြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးဇော်လွင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးရခြင်းနှင့်စပ်လျဉ်း ၍ ရှင်းလင်းပြောကြားပြီး အသင်းသူအသင်းသား စုစုပေါင်း ၂၄၀ အား ဧယာဆန် တစ်ပြည်လျှင် ငွေကျပ် ၂၈၀၀ နှုန်းဖြင့်လည်းကောင်း ကောက်ကြီး ဆန် တစ်ပြည် ငွေကျပ် ၃၉၀၀ နှုန်းဖြင့်လည်းကောင်း စုစုပေါင်း ပြည် ၄၈၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိကျောင်း အသိုက်ပြုလုပ်သည့် ရာသီ၌ ဘိုကလေးမြို့နယ်တွင် နှစ်ရက်ဆက်တိုက် မိကျောင်းဆွဲမှုဖြစ်ပွား

**ဘိုကလေး ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန် ဘေးမဲ့တောနှင့် ဆက်စပ်ရာ ဒီရေတောဒေသများတွင် ရေချို ရေငန်စပ် မိကျောင်းများ ရှင်သန်ပေါက်ပွား ကျက်စားလေ့ရှိရာ ဇွန်လမှ ဩဂုတ်လအထိ ကာလသည် မိကျောင်းများအနေဖြင့် အသိုက်ဖွဲ့၊ အသိုက်ပြုလုပ်သည့် ကာလဖြစ်ပြီး မိကျောင်းအန္တရာယ်ရှိသည့် ကာလ တစ်ခုဖြစ်သည်။

ဇူလိုင် ၂ ရက် ညနေပိုင်းက ဘိုကလေးမြို့နယ် ချောင်းဖြဲကြီး ကျေးရွာအုပ်စု လှေလုံးကွဲကျေးရွာနေ အသက် ၃၂ နှစ်အရွယ်ရှိ ဦးသန့် ဇော်ဦးသည် လယ်ယာလုပ်ငန်းခွင်မှပြန်လာပြီး နေအိမ်ရှေ့ လှေလုံးကွဲ ချောင်းစပ်တွင် ရေဆင်းချိုးစဉ် အလျား ၁၅ ပေခန့်၊ ဖျပ် သုံးပေခန့်ရှိ မိကျောင်းကြီးတစ်ကောင်က ရေနက်ပိုင်းသို့ ကိုက်ချီဆွဲသွားကြောင်း ဦးသန့်ဇော်ဦး၏ ဖခင်ဖြစ်သူက မြင်တွေ့ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဇူလိုင် ၃ ရက် ညနေ ၃ နာရီကျော်ကလည်း လှေလုံးကွဲ ကျေးရွာသားဖြစ်သည့် အသက် ၁၆ နှစ် အရွယ်ရှိ မောင်ဇော်ဇော်အောင် သည် ရွာကင်းတဲတံတားအနီး ရေချိုးဆင်းစဉ် လှေလုံးကွဲချောင်းအတွင်း မှ အလျား ၁၅ ပေခန့်၊ ဖျပ် သုံးပေခန့်ရှိ မိကျောင်းကြီး ထပ်မံပေါ်လာပြီး မောင်ဇော်ဇော်အောင်အား ရေနက်ပိုင်းသို့ ကိုက်ချီဆွဲသွားသည်ကို ကမ်းပေါ်ရှိ ရွာသားများက တွေ့မြင်ခဲ့သည်။

ယခုအခါ ဘိုကလေးမြို့နယ် ချောင်းဖြဲကြီးကျေးရွာအုပ်စု လှေလုံး ကွဲချောင်းအတွင်း၌ မိကျောင်းဆွဲခံရမှု နှစ်ရက်ဆက်တိုက် ဖြစ်ပွားခဲ့ ပြီး မိကျောင်းဆွဲခံရသူ၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိနိုင် ရေး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ကျေးရွာသူ ကျေးရွာသားများ နှင့်ပူးပေါင်းကာ ချောင်းတစ်လျှောက် စက်လှေများဖြင့် ရှာဖွေလျက် ရှိကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါတင်ဒါ (၂)စောင်အား (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No. 32(T)/EPGE (REHP)/ 2025-2026 | ရဲရွာဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာစက်အရံ ပစ္စည်း(၇)မျိုး ဝယ်ယူခြင်း။ |
| (ခ) | Tender No. 37(T)/EPGE/ Civil/ 2025-2026 (Lot-1) | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံတွင် စက်ရုံမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာ အသွားလမ်းတစ်လျှောက် ကမ်းပါးပြိုကျခြင်းအား Gabion Wall ဖြင့် ပြုပြင်ကာကွယ်ခြင်း (၄၀၀)ပေ ဆောင်ရွက်ရန် ၆"x ၉" ကျောက်ကြီး ဝယ်ယူခြင်း။ |
| | (Lot-2) | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံတွင် စက်ရုံမှူးရုံးနှင့်ဝန်ထမ်းအိမ်ရာ အသွားလမ်းတစ်လျှောက် ကမ်းပါးပြိုကျခြင်းအား Gabion Wall ဖြင့် ပြုပြင်ကာကွယ်ခြင်း (၄၀၀)ပေ ဆောင်ရွက်ရန် သံချောင်းလုံး (HRB-500) ဆိုဒ်စုံနှင့် Gabion Box (6'-6"x 6'-6" x 2') ဝယ်ယူခြင်း။ |

၂။ ခေါ်ဆိုမည့်တင်ဒါများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal) စာအိတ် (ခ) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - (၄-၇-၂၀၂၅)ရက်မှ (၁၇-၇-၂၀၂၅) ရက်အထိ

၄။ **တင်ဒါရောင်းချမည့်အချိန်** - (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ

၅။ **တင်ဒါပိတ်ရက်နှင့် အချိန်** - (၁၈-၇-၂၀၂၅) ရက်၊ (၁၃:၀၀)နာရီ

၆။ **တင်ဒါရောင်းချမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၇။ **တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်ဗဟိုသင်တန်းကျောင်း၊ (လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ဌာန)

၈။ တင်ဒါပုံစံများအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉- ၄၄၈၅၃၃၈၉၄**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(အခြား) ခွင့်ပြုရန်ပုံငွေဖြင့်
## ဆောင်ရွက်မည့် Reference Book များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Polytechnic University များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်(အခြား) ခွင့်ပြုရန်ပုံငွေဖြင့် Reference Book များ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၄-၇-၂၀၂၅) ရက်မှ (၁၇-၇-၂၀၂၅)ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၁၇-၇-၂၀၂၅) ရက် ရုံးချိန်အတွင်း တင်ဒါ ပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်) တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**

## RI IT College
## ဘွဲ့လွန်သင်တန်းသား လျှောက်လွှာခေါ်ယူခြင်း
## (Online)

(၁) Master of Science (Information Technology & Data Science) (Dual Degree)
(က)တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) သတ်မှတ်သင်ရိုး၊ သင်တန်းချိန်အတိုင်း တက်ရောက်နိုင်ရမည်။
(ဂ) သတ်မှတ်ထားသော Credit ပြည့်မီရန် Assignment တင်နိုင်ရမည်။
(၂) သင်တန်းကာလမှာ Online (၁)နှစ်ဖြစ်ပါသည်။
(၃) သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံနှင့် လိုအပ်သော စာရွက်စာတမ်းများကို RI IT College စီမံဌာနတွင် လျှောက်လွှာတင်သွင်းရပါမည်။
(၄) သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်။
(၅) အသေးစိတ်ကို RI IT College အမှတ်(၅) ယုဇနလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ယုဇနပလာဇာအနီး)
ဖုန်း - ၀၉ -၉၆၄၀၅၁၃၃၂၊ ၀၉ - ၂၆၂၆၂၀၇၅၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မုန်တိုင်ကျေးရွာ အမှတ်(၉၀) အခြေခံပညာ အထက်တန်းကျောင်း (မုန်တိုင်)Grade-12 တွင် ပညာသင်ကြားနေသော မောင်ငြိမ်းစည်သူ၏ ဖခင်ဦးကိုကြီးနှင့် ဦးထွန်းမင်းသည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းမင်း(ခ)ဦးကိုကြီး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မနှင်းဝေလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးဆွေ ၈/မသန(နိုင်)၀၆၄၄၀၂ ဖြစ်ပါကြောင်း။

**ဦးအေးဆွေ**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ဝဲကျွန်းမြို့သစ်ရပ်နေ မောင်လင်းလက်စိုး၏ ဖခင် ဦးစိုးမင်းအောင်၏ အမည်မှန်မှာ ဦးကျော်ဝင်းနိုင် ၆/ထဝန(နိုင်)၁၇၅၀၄၆ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းနိုင်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၈၇လမ်းနှင့် ၂၀ လမ်းထောင့်နေ မောင်ကျော်ငြိမ်းသူ(ခ) ခန့်ဇော် ၃/ကကရ(နိုင်)၁၀၃၆၂၂ အား ခန့်ဇော်ဟု ခေါ်ဆိုပါရန်။

**ခန့်ဇော်**

## ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကျောဇီကျေးရွာအုပ်စု၊ တောင်ကန်တော်ရွာနေ (ဘ) ဦးမောင်စိုး၏သား မောင်ဖြိုးညီညီကျော် ၉/တသန(နိုင်)၂၄၂၆၀၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် MJ 527703 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-09 768 627 029**

## အမည်မှန်နှင့် ဖခင်အမည်မှန်

သထုံမြို့နယ်၊ အမှတ်(၁) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ Grade-12(A) မှ မနော်ခင်သူဇာ၏အမည်မှန်မှာ နော်ခင်သူဇာဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးစောထိန်ဝင်း ၁၀/ဘလန (နိုင်)၀၀၃၁၀၂ ဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်မကျွန်း ကျေးရွာနေ ဦးစန်းညွန့်ဦး ၈/စလန(နိုင်)၁၁၂၉၁၀ ၏သမီး ရောင်ခြည်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 ကျောင်းသူ၏ အမည်မှန်မှာ မရွှေဇင်ထွန်း ၈/စလန(နိုင်)၂၅၅၈၂၈ ဖြစ်ပါကြောင်း။

## အမည်မှန်

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်တွင် နေထိုင်သော ဦးမင်းအောင်၏ သမီး Brown ကိုယ်ပိုင်အလယ်တန်းကျောင်း(Grade-5)တွင် ပညာသင်ကြားနေသူ၏ အမည်မှန်မှာ မရှင်းသံစဉ်ကျော် ဖြစ်ပါကြောင်း။

## အထူးကိုယ်စားလှယ်လွှဲစာအား ဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ ဦးမြင့်ဌေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးမြင့်ဌေး(ဘ)ဦးဘိုထွေး (၉/မခန(နိုင်)၁၇၂၀၈၂) အမည်ပေါက်ဂရန်မြေကွက်ဖြစ်သော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၃၈-ခ)၊ ဧရိယာ(၀.၀၃၁၀)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက် အပါအဝင်မြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဌေးမှ ဒေါ်ကြည်ညွန့် (ဘ)ဦးဘတုတ် (၉/မရတ(နိုင်)၀၆၀၄၅၄) သို့ မိမိကိုယ်စားလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံးတွင် (၁၇-၆-၂၀၀၉) နေ့စွဲ ဖြင့် အထူးကိုယ်စားလှယ်စာအမှတ်(၁၄၆၂/၂၀၀၉)ဖြင့်လွှဲအပ်ခဲ့ပါသည်။ ယခုအချိန်တွင် လွှဲအပ်ခဲ့သည့် ကိစ္စရပ်များမှာ ဆက်လက်ဆောင်ရွက်ရန်မလိုအပ်သည့်အပြင် လက်ခံသူ ဒေါ်ကြည်ညွန့်သည် အသက်အရွယ်ကြီးရင့်ပြီး (Alzheimer) ရောဂါခံစားနေရပါသဖြင့် ဥပဒေကိစ္စရပ်များကို မှန်ကန်စွာဆုံးဖြတ် မဆောင်ရွက်နိုင်ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးမြင့်ဌေးလွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်စာအမှတ် (၁၄၆၂/၂၀၀၉)ကိုဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းသက်ဝေ (LL.B, DIL) အထက်တန်းရှေ့နေ (စဉ်-၄၄၈၄၁)**
**၆၃-A လမ်း၊ ၁၈x၁၉ လမ်းကြား၊ အကွက်(၅)၊ ဒေါနဘွားရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၆၈၈၈၀၇၁၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၁၉၁၀, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းနိုင် ၆/မမန (နိုင်)၁၇၉၉၄၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၉၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၀/ပမန(နိုင်)၀၃၇၂၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/1101 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်နွတ် ၁၀/ရမန(နိုင်)၁၅၉၄၄၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/3994 သည် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေး ရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 27W/25271 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဟ/၆၆၉၁, Dongben 300ZH-3, 3 Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဦးဇင်သန်း ၆/မမန(နိုင်)၁၆၀၃၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4A/7351 Toyota Hilux LN41, Pick up ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေး ၁၂/သဃက(နိုင်)၀၅၇၉၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/8408 Falcon 300, 3 Wheel ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းနိုင် ၅/မရန(နိုင်)၃၀၁၈၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 66W/48246, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇော်ထွန်း ၁၄/ဇလန(နိုင်)၁၀၂၄၃၀၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/25271 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးသန်း ၇/ထတပ(နိုင်)၀၀၂၀၂၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၂၁၁၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/8365 New Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုမြတ် ၃/ဘအန(နိုင်)၁၁၈၆၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## အများသိရှိစေရန် ကြေညာခြင်း

ကျွန်တော် ဦးသန်းဦး အမည်ပေါက်ပိုင်ဆိုင်သော အောင်သူဇော်-၁၂၈ (YCNF-2144) (ဂရန်အမှတ် ON-7188(A) ငါးသယ်ရေယာဉ်တစ်စီးအား ကျွန်တော်မှ ဦးအောင်ကျော် (ခ) ဦးအကြိုင်း ၁၂/ခရန(နိုင်) ၀၈၈၈၇၄ သို့ အပြီးအပိုင် ရောင်းချထားပြီးဖြစ်ရာ နောက်နောင် အဆိုပါ ငါးသယ်ရေယာဉ်နှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် ကျွန်တော်နှင့် လုံးဝ မသက်ဆိုင်တော့ပါကြောင်း သက်ဆိုင်ရာနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဦး ၆/မအရ(နိုင်)၀၆၁၆၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ (Star City) ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊ အဆောက်အအုံအမှတ် City Villas (127) တွင်တည်ရှိပြီး ခန့်မှန်းမြေကွက်ဧရိယာ (၂၄၀၀) စတုရန်းပေ၊ ခန့်မှန်းတည်ဆောက်ပြီး ဧရိယာ (၂၅၃၃)စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးမျိုးဇော် ၁၂/ဥကမ(နိုင်)၂၀၁၆၈၄ နှင့် ဒေါ်ခိုင်ဇာလင်း ၁၂/ဥကတ(နိုင်)၁၄၁၉၀၉ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘုန်းမြင့်လွင်၊ ဒေါ်ရတနာ**
**၁၂/ဗဟန(နိုင်)၀၅၄၉၈၄၊ ၁၂/ဗဟန(နိုင်)၀၀၅၅၁၆**
**ဖုန်း-၀၉-၂၅၂၀၅၆၆၃၀၊ ၀၉-၅၀၀၃၂၄၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာခြင်း

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်ကွက်နေ ဦးပေါက်စ+ဒေါ်ခင်လှတို့၏သမီး မအေးအေးခိုင်၊ ၉/ပဘန (နိုင်)၁၅၀၂၅၇ ကိုင်ဆောင်သူ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးပေါက်စ၊**
**၉/ပဘန(နိုင်)၁၁၄၅၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/18512, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၆၄)၊ မြေဧရိယာ(၀ဒသမ၁၈၄)ဧကရှိ မြေကွက်သည် မူလက ဦးကျော်သီဟအမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး (၂၁-၁၀-၂၀၂၄)ရက်စွဲပါ တရားရုံး၏ ဒီကရီအရဂရန် မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ် (၄၈၃/၂၀၂၄)ဖြင့် ဦးကျော်သီဟထံမှ ဦးပိုင်(၁၆၄/ခ)၊ မြေဧရိယာ(၀ဒသမ၀၉၂)ဧကအပိုင်းကို ဒေါ်ဝင်းမာအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ဝင်းမာ ၁/မကန(နိုင်) ၀၉၃၅၈၃အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထား လာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး ပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ ပရီမီယံဒီဇယ်ဆီ/ ဓါတ်ဆီ | ၃၆၁၃၃၀ ဂါလန်/ ၃၅၀၀၀ ဂါလန်/ ၁၀၀၀၀ ဂါလန် |
| (ခ) | Smart Inverter/ Switch (၃)မျိုး | ၂ လုံး / ၅ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၇-၂၀၂၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၈-၇ -၂၀၂၅ ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ်၊ Star City သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(City Loft)၊ တိုက်အမှတ် (CI-11)၊ အခန်းအမှတ်(515)၊ Type(1BR)၊ Area(484)sqftရှိ ၄င်းကွန်ဒိုတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွန်ဒိုရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှအောင် ၁၂/လသန(နိုင်)၀၀၃၃၅၈ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**အိဝေဇင်အောင်**
**၁၄/ဖပန(နိုင်)၁၄၉၁၇၀**
**ဖုန်း-09-420043204**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးမြင့်ဦး၏သား မောင်ပြည့်ဖြိုးနောင် (၇/ရတရ(နိုင်)၁၅၉၅၇၉) နှင့် (ဘ)ဦးစိန်ညွန့်၏သမီး မဖြိုးဖြိုးသက် (၇/ရတရ(နိုင်)၁၆၅၉၉၈) တို့သည် (၂၀-၂-၂၀၂၅) ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးသက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရေနီမြို့၊ ဆတ်သေမြောက်ကျေးရွာနေ မရွှေစင်စိုး (ဘ) ဦးစိုးမြင့် ၇/ရတရ(နိုင်)၂၁၁၇၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ မရွှေစင်စိုးသည် မိဘအုပ်ထိန်းမှုအောက်တွင် နေထိုင်နေသည့် အမျိုးသမီးကောင်းတစ်ဦး ဖြစ်ပါသည်။ ထိုကဲ့သို့ မိဘများနှင့်အတူ ကောင်းမွန်စွာ အတူနေထိုင်နေသော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မရွှေစင်စိုး၏ နာမည်၊ ဂုဏ်သိက္ခာနှင့် အရှက်တရားတို့ကို ထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်၍ လူမှုပတ်ဝန်းကျင်၌ လည်းကောင်း၊ လူမှုကွန်ယက်စာမျက်နှာများဖြစ်သော Facebook, Tiktok, Viber, Telegram, Messenger, Message စသော လူမှုကွန်ယက် အင်တာနက်တွင်သော်လည်းကောင်း၊ လူများ အထင်အမြင် လွဲမှားစေပြီး ဂုဏ်သိက္ခာကျဆင်းစေရန်အကြံဖြင့် ရေးသားဖြန့်ဝေခြင်း၊ စွပ်စွဲပြောဆိုဆောင်ရွက်မှုများ၊ ခြိမ်းခြောက်မှုများ ပြုလုပ်နေပါသော မည်သူ့ကိုမဆို ထပ်မံမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ လူကြီးမင်းတို့အနေဖြင့် ယခုသတိပေးတားမြစ်ချက်အား လိုက်နာခြင်းမရှိဘဲ ထပ်မံ၍ တစ်စုံတစ်ရာပြုမူပြောဆိုဆောင်ရွက်ခဲ့ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားသူ)**
**မရွှေစင်စိုး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၀၆)**
**အမှတ်-၄၂၄၊ ခပေါင်းရွာလယ်၊ တောင်ငူမြို့။**
**ဖုန်း-၀၉-၇၈၈၅၈၆၂၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၃)၊ ဦးပိုင်အမှတ် (၁၅+၁၆)၊ ၅၉x၆၀ (A)ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်လွင် ၉/မခန(နိုင်)၁၈၅၈၇၇က အမှုတွဲအမှတ် (၀၈၆၃/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေးဦးစီးဌာန၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ/ဌာနမှ ထွက်ရှိသော အောက်ဖော်ပြပါ မိုင်းခံရော်ဘာအဆင့်အတန်းအမျိုးမျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လေလံတင်ရောင်းချမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် (ပေါင်) | တည်နေရာ | Lot No |
|---|---|---|---|---|
| က။ | မိုင်းခံရော်ဘာအဆင့်(၁) | ၅၅၆၆၀ | PCRDE(မုဒုံ) | Lot 1 |
| ခ။ | မိုင်းခံရော်ဘာအဆင့်(၂) | ၆၆၃၃၀ | PCRDE(မုဒုံ) | Lot 2 |
| ဂ။ | မိုင်းခံရော်ဘာအဆင့်(၃) | ၁၀၇၅၁၀ | PCRDE(မုဒုံ) | Lot 3 |
| ဃ။ | မိုင်းခံရော်ဘာအဆင့်(၄) | ၉၄၃၈၀ | PCRDE(မုဒုံ) | Lot 4 |
| င။ | မိုင်းခံရော်ဘာအဆင့်(၅) | ၇၇၃၅၈ | PCRDE(မုဒုံ) | Lot 5 |
| စ။ | (၁) အမြှုပ်ပြား | ၇၇၀ | PCRDE(မုဒုံ) | Lot 6(a) |
| | (၂) ဆွဲဖတ်/ခွက်ကပ် | ၈၆၂၈၉ | PCRDE(မုဒုံ) | Lot 6(b) |
| ဆ။ | နေလှန်းရော်ဘာပြား | ၁၄၇၂၅ | PCRDC(မော်လမြိုင်) | Lot 7 |
| ဇ။ | (၁) နေလှန်းရော်ဘာပြား | ၈၂၆၆ | PCRDE(စိန်ကလဲ့) | Lot 8(a) |
| | (၂) ဆွဲဖတ်/ခွက်ကပ် | ၇၆၉ | PCRDE(စိန်ကလဲ့) | Lot 8(b) |

၂။ **တင်ဒါပုံစံစတင်ဝယ်ယူနိုင်သည့် နေရာ/ရက်** - ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ (၇-၇-၂၀၂၅) ရက် (ရုံးချိန်တွင်း)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - (၂၁-၇-၂၀၂၅)ရက် ၊ (၁၆:၀၀) နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - (၂၂-၇-၂၀၂၅)ရက်

အသေးစိတ်သိရှိလိုပါက ဖုန်း(၀၅၇-၂၄၄၆၀၊ ၀၉-၂၅၅၇၁၆၀၂၅) များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ဇေယျာသုခ စာသင်ကျောင်းတိုက် (ဘက) Grade-10 တက်ရောက် သင်ကြားမည့် (ဘ) ဦးမျိုးမင်းထက် ၉/မခန(နိုင်) ၁၉၄၄၃၅၏ သမီးအမည်မှန်မှာ မဇူကိုလွင် ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရွှေတောင်မြို့နယ်၊ ကျီးသဲအုပ်စု၊ ချောင်းဒေါင့်ရွာနေ ဦးအောင်မျိုးမြင့် ၇/ရတန(နိုင်)၀၇၆၁၈၆ ၏သား အထက (ကျီးသဲ) Grade-7 မှ မောင်ဉာဏ်လင်းဖြိုးအား ယနေ့မှစ၍ မောင်မင်းဟိန်းသန့်မျိုးမြင့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းဟိန်းသန့်မျိုးမြင့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၆-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် ၃၁ယ/၇၄၉၅အစား ၃၁ယ/၇၄၉၆၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 75W/99497 အစား 75W/99494 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/9015 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8097 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၃)၊ မြေဧရိယာ (၀.၀၆၃)ဧကရှိမြေအား ဒေါ်ခင်မျိုးခိုင်မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ်(၃၁၈)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေအား ဒေါ်သဥ္ဇာအေးအောင်မှ အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ အထက Grade-10 တွင် ပညာသင်ယူသော မစုမြတ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းထွန်း ၇/ကတခ(နိုင်) ၀၅၉၉၅၆ ဖြစ်ပါကြောင်း။

**ဦးစန်းထွန်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(ဝါးကြီးအိုင်) G-12မှ မောင်ဇင်မျိုး၏ ဖခင် ဦးမြို့ဝင်း၏ အမည်မှန်မှာ ဦးမျိုးဝင်း ၈/မသန(နိုင်) ၀၈၁၆၂၃ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်း**
**၈/ မသန(နိုင်)၀၈၁၆၂၃**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက (ဆင်ပေါင်ဝဲ) Grade-12 တွင် ပညာသင်ကြားနေသော မနှင်းမြတ်ထွေး၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၈/ဆပဝ(နိုင်)၀၁၁၅၀၄ ဖြစ်ပါကြောင်း။

**ဦးဝင်းကိုကို**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၃)၊ ဦးပိုင်အမှတ် (၁၇+၁၈)၊ ၅၉X၆၀(A)ကြား၊ ၁၃၃X၁၃၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်လွင် ၉/မခန(နိုင်)၁၈၅၈၇၇ကအမှုတွဲ အမှတ်(၀၈၆၄/ ၂၀၂၅-၂၀၂၆ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/9757 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

